# ရွှေမန္တလာ နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၀၉) ၊ ၁၃၈၆ ခုနှစ် ၊ နယုန်လပြည့်ကျော် ၁၀ ရက် ၊ ၁-၇-၂၀၂၄ ၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင် နိုင်ငံခြားရေးရာဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ခေတ္တရောက်ရှိနေသော နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် ယမန်နေ့ နံနက်ပိုင်းက ပေကျင်းမြို့ရှိ လင်ကွန်းကျောင်းတိုက်သို့ သွားရောက်၍ မြတ်ဗုဒ္ဓစွယ်တော်အား ဖူးမြော်ကြည်ညိုပြီး လင်ကွန်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ချမ်းကျန့်အား ဂါရဝပြုတွေ့ဆုံသည်။

### လှူဒါန်း

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် နေပြည်တော်မှ ပင့်ဆောင်လာသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရုပ်ပွားတော်ငယ်အား လှူဒါန်းခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင် နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိကို ပေကျင်းမြို့ရှိ ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး

စာမျက်နှာ ၃ သို့ ❖



နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင် နိုင်ငံခြားရေးရာဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇွန် ၃၀

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာအညွှန်း

အုန်းဆီစားသုံးခြင်း၏ အကျိုးရလဒ်အနေဖြင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်း ကင်းဝေးစေမည်

စာမျက်နှာ ၇

ဟယ်ရီပေါ်တာစာအုပ် မျက်နှာဖုံးပန်းချီပုံမူရင်းကို ပေါင် ၁ ဒသမ ၅ သန်းဖြင့် လေလံတင်ရောင်းချ

စာမျက်နှာ ၈

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ပညာပြည့်ဝ၍ နှလုံးသားလှသူများ ဖြစ်အောင် ကြိုးပမ်းရမည်

စည်းစိမ်ဥစ္စာရတနာတို့သည် တည်မြဲသောအရာများ မဟုတ်ကြပါ။ သင်္ခါရသဘောအရ ပျက်စီးတတ်သောသဘော ရန်သူမျိုးငါးပါး၏ ဖျက်ဆီးခြင်းကိုလည်း ခံရတတ်သောသဘော ရှိသည်။ သို့သော် ပညာမှာမူ မည်သူကမျှခိုးယူဖျက်ဆီး၍ မရနိုင်ပါ။ ထို့ကြောင့် "ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး"၊ "ပညာရွှေအိုး လူမခိုး" စသည်ဖြင့် ဆိုရိုးပြုခဲ့ကြခြင်းဖြစ်သည်။

ပညာဟူသည် အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်တို့ကို ခွဲခြားသိမြင်နိုင်သောဉာဏ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် လူသားတို့လျှောက်လှမ်းသော ဘဝခရီးလမ်းတစ်လျှောက် ဖြောင့်ဖြူးသာယာစေရန် ထိန်းကျောင်းပဲ့ကိုင်ပေးသောအရာဟုလည်း ဆိုနိုင်ပါသည်။ ထိုသဘောကို ပညာဟူသည် ဘဝရှေ့ဆောင်ဟူသော စကားဖြင့်ဆိုမှတ်ပြုကြပါသည်။ ပညာဖြင့် လောက၏ အခက်အခဲမှန်သမျှကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့်ရှေးပညာရှိတို့က "ပညာသည်သာ၊ အရာရာ လိုရာအောင်ကြောင်းမှတ်" ဟူသော သံပေါက်ကဗျာဖြင့် သတိပေးခဲ့ကြသည်။ ပညာအရာ၌ ရဲရင့်သူကျွမ်းကျင် လိမ္မာသူဖြစ်စေရန် ငယ်ရွယ်စဉ်ကပင် ကြိုးစားသင်ယူရမည်ဖြစ်သည်။ လောကတွင် အရွယ်သုံးပါးရှိရာတွင် ပထမအရွယ်မှာ ပညာရှာဟူသော စကားအတိုင်း ငယ်ရွယ်စဉ် ပထမအရွယ်ကပင် ပညာရပ်အသီးသီးကို စနစ်တကျ သင်ယူရမည်ဖြစ်သည်။ ထိုသဘောကို လောကနီတိပျို့တွင် "သားလှတစ်စု ယခုငယ်က၊ ကြိုးလုံ့လ၍၊ သုတပညာ နေ့တိုင်းရှာလော့"ဟူ၍လည်းကောင်းတွေ့ရသည်။ ပညာကို ငယ်စဉ်ကတည်းက သင်ယူသင့်ကြောင်း ပညာမတတ်လျှင် သူတစ်ပါး၏ နောက်လိုက်အစေအပါးသာဖြစ်နိုင်ကြောင်း၊ ပညာတတ်မှသာ သူတကာ၏ အထွတ်အထိပ်ဖြစ်နိုင်ကြောင်း ပညာ၏တန်ဖိုးကို ထောက်ပြထားသည်။

ပညာ၏တန်ဖိုးနှင့်ပတ်သက်၍ မန်လည်ဆရာတော်က မာဃဒေဝပျို့တွင် "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွမ်း၏" ဟုမိန့်ကြားခဲ့သည်။ ပညာပြည့်ဝလျှင် စိတ်ထားလှကာ မည်သည့်အမှုကိစ္စမဆိုအလွယ်တကူပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် လောကတွင် ပညာပြည့်ဝ၍ နှလုံးသားလှသူများဖြစ်အောင် ကြိုးပမ်းရမည်ဖြစ်သည်။

ပညာတတ်ခြင်းဖြင့် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ကင်းအောင် ကြံဆောင်နိုင်သည်။ ကြီးပွားချမ်းသာသူအများစုမှာ ပညာတတ်မြောက်ခြင်းကြောင့်ဖြစ်ကြောင်း သတိပြုသင့်ပါသည်။ ထို့ကြောင့် လူတိုင်းပညာသင်ယူသင့်သည်။

သို့ဖြစ်ရာ ပညာဟူသည် လူသားတိုင်း၏ဘဝကို ရှေ့ဆောင်ရှေ့ရှုက်ပြုနိုင်သောအရာဖြစ်သည်။ လူသားတို့၏ ဘဝတို့ကို နိမ့်ရာမှမြင့်အောင်ဖန်တီးနိုင်စွမ်းရှိသည်။ ထိုသို့အကျိုးကျေးဇူးကြီးမားလှသော လူသားတို့၏ ဘဝရှေ့ဆောင် ပညာအလင်းရောင်ကို ငယ်စဉ်ကပင် ပညာပြည့်ဝ၍ နှလုံးသားလှသူများဖြစ်စေရန် အပတ်တကုတ်ကြိုးစား သင်ယူသင့်ကြောင်း ရေးသားလိုက်ရပေသည်။

## မင်္ဂလာမဟာတောရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှစ်ထပ်ဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဆင်ရှာတောကျေးရွာ၊ မဏိရတနာရာမတောရ ကျောင်းတိုက်အတွင်းရှိ မင်္ဂလာမဟာတောရဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒကြွရောက်တော်မူ၍ အဖွင့်အမှာစကားမိန့်ကြားတော်မူသည်။ဆက်လက်၍ မန္တလေးမြို့ အ·ထ·က(၅)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ညိုညို တင်က အမှတ်တရစကားပြောကြားသည်။ ထို့နောက် ကျောင်းဆောင်အလှူရှင်များဖြစ်ကြသော ဦးစိုးမင်း+ဒေါ်ကြည်အေး၊ ဦးအုန်းမြင့်+ဒေါ်ချောမ၊ သမီး မမြမြသူ၊ ဦးဂျပန်+ဒေါ်ခင်အုန်းတင့်၊ ဦးချော+ဒေါ်သိန်းရွှေတို့က နှစ်ထပ်ကျောင်းဆောင်သစ်အားဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဒုတိယပိုင်း အစီအစဉ်အရ ဆန်းသစ်ကိုယ်ပိုင်ပညာရေး ကျောင်း ကျောင်းသား၊ ကျောင်းသူများနှင့် မန္တလေး အ·ထ·က (၅)မှ ဘင်ခရာအဖွဲ့တို့က စည်းလုံးခြင်းသည်အင်အား သီချင်းဖြင့် တေးသရုပ်ဖော်ကြသည်။

ဆက်လက်၍ မဏိရတနာရာမတောရကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့်မန္တလေး အ·ထ·က(၅)မှ ဘင်ခရာအဖွဲ့တို့က "ထာဝရသစ္စာ" "ဇာတိမာန်"သီချင်းများသီဆို၍ တေးသရုပ်ဖော်ဖြင့် တင်ဆက်ကပြကြသည်။ အဆိုပါ မင်္ဂလာမဟာတောရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းဆောင်သည် အလျား ပေ(၁၂၀)၊ အနံ ပေ(၄၀) နှစ်ထပ်ဆောင် အာရ်စီအမျိုးအစားဖြစ်ပြီး အလှူရှင်မတည်ငွေကျပ် သိန်း(၅၀၀) နှင့် အများကောင်းမှုလှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ရာ ကျပ်သိန်းနှစ်ထောင်ကျော် ကုန်ကျကြောင်း သိရသည်။

(ဝဇီ၁)

ဝ-ဝ-ဝ-ဝ-ဝ



**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews paper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**ပြင်ဦးလွင် ဇွန် ၃၀**

၂၀၂၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကဦးဆောင်ကျင်းပသည့် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် ပြင်ဦးလွင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါပြီး အမျိုးသမီးများသည် မိသားစုတာဝန်များသာမက နိုင်ငံတော်ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ငြိမ်းချမ်းရေးတို့အပါအဝင် အရေးပါသောကဏ္ဍများမှ ဘက်စုံပါဝင်ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် အမျိုးသမီးများ၏ ဦးဆောင်မှုများ တိုးမြှင့်လာစေရန် ရည်ရွယ်၍ အဆိုပါ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်" ခေါင်းစဉ်ဖြင့် ကျောင်းသူ ၆၅ဦးကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ဇူလိုင် (၃)ရက် မြန်မာအမျိုးသမီးများနေ့"ခေါင်းစဉ်ဖြင့် ကျောင်းသူ ၁၃၇ဦးက လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထူးချွန်ဆုရရှိသူများကို ဇူလိုင် ၃ရက်နေ့ မြန်မာအမျိုးသမီးများနေ့တွင် ဆုများအသီးသီးပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါက်တာရွှေစင်အိ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စာစီစာကုံးပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရဒါနမုန့်နှင့်အချိုရည်များတိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ခရိုင်ပြန်/ဆက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❖ ရှေ့ဖုံးမှ

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

### ပြန်လည်ရောက်ရှိ

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရန်ကုန်မြို့ တရုတ်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ(သံမှူးကြီး) မစ္စစ် ချောင်ဂျင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ဝါအထွက်နှုန်းနှင့် ဝါဂွမ်းအရည်အသွေးကောင်း ရရှိရေးအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၃၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်၌ ဒေသခံ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။



### ဖိတ်ခေါ်ဆွေးနွေး

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက တောင်သူနှင့် လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် ဝါအထွက်နှုန်းနှင့် ဝါဂွမ်းအရည်အသွေးကောင်း ရရှိရေးအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သတ်မှတ်ထားသည့် A Grade, B Grade , C Grade စသဖြင့် ဝါဂွမ်းအရည်အသွေးအလိုက် ရောင်းဝယ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပြီး ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဝါဂွမ်းဈေးကွက် ဖော်ဆောင်ရန် လိုအပ်ကြောင်း၊ ဝါလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် လိုအပ်ချက်များရှိပါက တင်ပြပေးနိုင်ကြရန် ဖိတ်ခေါ်ဆွေးနွေးသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဝါတစ်ဧကအတွင်း စိုက်ပျိုးရမည့် သတ်မှတ်အပင်အရေအတွက်နှင့် တစ်ပင်ချင်း၏ သီးလုံး အရေအတွက်ပေါ်မူတည်၍ ဝါထွက်ရှိမှုပမာဏ၊ အပင်သက်တမ်းအလိုက် စိုက်ပျိုးရေနှင့် ဓာတ်မြေဩဇာ စနစ်တကျ ထည့်သွင်းခြင်းဖြင့် အထွက်နှုန်းသာမက ဝါဂွမ်းမွှေးချည်မျှင်အရည်အသွေးအပေါ် သက်ရောက်မှု၊ မျိုးစေ့အသုံးပြုမှုဆိုင်ရာ ဂရုပြုရမည့်အချက်များကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် သီးနှံအလိုက် စိုက်ပျိုးရေစီမံခန့်ခွဲမှုဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များက လက်ရှိ စိုက်ပျိုးထုတ်လုပ်မှုနှင့် သွင်းအားစု အပြည့်အဝအသုံးပြုနိုင်ရေး၊ ဝါဂွမ်းဈေးကွက် အလားအလာများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သင့်တင့်မျှတသော ဓာတ်မြေဩဇာဈေးနှုန်းဖြင့် အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားပြီး မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကတင်ကျေးရွာအနီး ရွှေဒါးချောင်းပေါ်တွင် ရှေးမြန်မာမင်းများလက်ထက်က တူးဖော်အသုံးပြုခဲ့သည့် ကတင်ကန်ကို လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာအနီး စမုံချောင်းပေါ်တွင် ရှေးမြန်မာမင်းများ လက်ထက်က တူးဖော်အသုံးပြုခဲ့သည့် ကျောက်ဆည်ကန်၏ရေဝင်ရောက်မှု၊ ကန်ပေါင်ကြံ့ခိုင်မှုနှင့် လယ်မြေဧက ၃၉၀၀ ကျော်ကို အကျိုးပြုနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကန်များ ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

### တွေ့ဆုံ

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံး၌ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရမည်းသင်းခရိုင်၏ ဝါစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာန၊ တောင်သူနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း ၂၀၂၄-၂၀၂၅ပညာသင်နှစ် ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေး

မန္တလေး ဇွန် ၃၀

မန္တလေး အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်း ၂၀၂၄-၂၀၂၅ပညာသင်နှစ် ကျောင်းဖွံ့ဖြိုးရေး၊ မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ရက် နံနက် ၁၀နာရီက အဆိုပါ ကျောင်းရုံးခန်းတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် အတန်းမှူး၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဌေးကြွယ်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးကျော်နိုင်မင်း၊ မိဘဆရာအသင်းဝင်များ တက်ရောက်ကြပြီး ကျောင်းဖွံ့ဖြိုးရေး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း ပြန်လည်ဖွဲ့စည်းရေး၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရေးဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့ကြသည်။

အထက(၁၀)(တော်ဝင်သံတဲအထက်တန်းကျောင်း)သည် သီပေါမင်းနှင့် မင်းညီမင်းသားများ ပညာသင်ကြားခဲ့သောကျောင်းဖြစ်ပြီး နှစ်သက်တမ်း (၁၅၆)နှစ်ကျော် ကျောင်းဆောင်ကြီးအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်၍ ကမ္ပည်းကြေးပြားတပ်ဆင်ကာ ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)



# ဒီရေတော ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်



နေပြည်တော် ဇွန် ၃၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်း တိုးချဲ့ဖွဲ့စည်းထားသော ရွှေပြည်အေးချမ်းဘို့ ဒီရေတောကြိုးပြင်ကာကွယ်တောကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွဲ့စည်းထားသော ဒီရေတောကြိုးပြင်ကာကွယ်တောများ၊ ဆက်လက်တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ထားသော အဆိုပြုကြိုးပြင်ကာကွယ်တောများနှင့် စိုက်ပျိုးတည်ထောင်လျက်ရှိသော ဒီရေတောစိုက်ခင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာ ၁ ဒသမ ၁ သန်းကျော်ရှိပြီး ကမ္ဘာပေါ်တွင် သတ္တမမြောက်၊ အရှေ့တောင်အာရှတွင် တတိယမြောက် ဒီရေတောအများဆုံးပိုင်ဆိုင်သောနိုင်ငံဖြစ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်လျက်ရှိသော ကမ်းရိုးတန်းဒေသများတွင် သဘာဝ ဒီရေတောများ ထိန်းသိမ်းရေးနှင့် ဒီရေတောစိုက်ခင်းများ တည်ထောင်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ ဒီရေတောများသည် ပင်လယ်ပြင်မှ ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် ကာကွယ်ပေးနိုင်သည့်အပြင် လယ်ယာမြေများအတွင်း ပင်လယ်ဆားငန်ရေ ဝင်ရောက်မှုကိုလည်း တားဆီးပေးသည့်အတွက်သီးနှံများပျက်စီးဆုံးရှုံးမှု အန္တရာယ်ကို ကာကွယ်ပေးနိုင်ပါကြောင်း၊ ဒီရေတောများသည် ငါး၊ ပုစွန်နှင့် အခြားသော ရေနေသတ္တဝါများ ရှင်သန်ပေါက်ပွားရာ အရင်းအမြစ်ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း၊ ဒီရေတောဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ဒီရေတောများ၏ အရေးပါပုံနှင့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ သိရှိရန်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်လာစေရန် အသိပညာပေး ဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

သစ်တောဦးစီးဌာနအနေဖြင့် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ ကာကွယ်ပေးနိုင်ရန်၊ ဒီရေတောကို အမှီပြုနေသော ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အစိမ်းရောင်တံတိုင်း- Green Belt အဖြစ် ဒီရေတောကြိုးပြင်ကာကွယ်တော ခုနစ်ခု၊ ၂၃၈၅၅ ဧက ဖွဲ့စည်းတည်ထောင်ထားပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဒီရေတော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၄၄ ခု၊ ၇၁၇၂၃၈ ဧက ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက် ကြည့်ရှုပြီး အကြိမ်(၄၀)မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ တက်ရောက်



နေပြည်တော် ဇွန် ၃၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန စပါးသုတေသနဌာနခွဲတွင် ဆောင်ရွက်ထားရှိသော အထွက်ကောင်းစပါးမျိုး ၂ မျိုး၊ ၃မျိုးနှင့် ၄ မျိုးအထိ မျိုးစပ်မွေးမြူထားသည့် သားဆက်လိုင်းများကို လာရောက်အကဲဖြတ် လေ့လာကြသည့် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများကို စပါးမျိုးစပ်ခြင်းနှင့် စပါးမျိုးသားဆက်လိုင်းရွေးချယ်ခြင်း နည်းပညာရပ်ဆိုင်ရာ သုတနည်းပညာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အကြိမ် (၄၀) မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲသို့ သုတေသီပညာရှင်များ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ပြီး "စိုက်ပျိုးနည်းပညာများကို အွန်လိုင်းမှ လေ့လာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ထွေးနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန လက်ထောက်သုတေသနအရာရှိ ဒေါ်နှင်းနှင်းလှိုင်တို့က စိုက်ပျိုးနည်းပညာများကို အွန်လိုင်းမှ လေ့လာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် YouTube၊ TikTok မှတစ်ဆင့် စိုက်ပျိုးရေး နည်းပညာဆိုင်ရာများ လေ့လာရာတွင် ပြုလုပ်ရမည့် အချက်များကို လက်တွေ့ရှင်းလင်းပြသသည်။

ထို့နောက် YouTube မှတဆင့် ကောက်ရိုးမှတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး ခေါင်းစဉ်အောက်မှ မှိုစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာများခေါင်းစဉ်မှ စွန့်ပစ် ပလတ်စတစ်ဘူးခွံများမှ လောင်စာထုတ်လုပ်ခြင်း နည်းပညာ ဗီဒီယိုဖိုင်များကို ပြသကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တောင်သူများကိုယ်တိုင်တီထွင် အသုံးပြုလျက်ရှိသော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်များ၊ လုပ်ငန်းခွင် အတွေ့အကြုံ မှတ်တမ်းများကို လူမှုကွန်ယက် မီဒီယာများမှတစ်ဆင့် ဖြန့်ဝေ၍ တောင်သူအချင်းချင်း နည်းပညာဖလှယ်သည့် အလေ့အကျင့်များ ပိုမိုတွင်ကျယ်အောင် အားပေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို အသေးစိတ် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြော



မန္တလေး ဇွန် ၃၀

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် Diamond Plaza ရှိ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးဝေလင်းက သန်းခေါင်စာရင်း ကောက်ယူခြင်း၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်များ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း ဆောင်ရွက်မည့်ကာလနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေး လုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် ပါဝင်မည့် အချက်အလက်များ၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းကောက်များ လိုက်နာရမည့်အချက်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေး၍ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းငွေးနှင့် အမှုဆောင်များ၊ အသင်းသူ အသင်းသားများနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**

## သာစည်မြို့နယ်၌ စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်ဖွင့်လှစ်

သာစည် ဇွန် ၃၀

(၁၀၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်ရမ်းကျေးရွာမြို့မအုပ်စုရှိ ရွှေညာမြေ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးလှိုင်မိုး၊ သာစည်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီညီဝင်းနှင့် ညောင်ရမ်းကျေးရွာ မြို့မအုပ်စုအုပ်ချုပ်ရေးမှူးဦးထွန်းထွန်းမြင့်တို့က သွင်းအားစုအရောင်းဆိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်ပြီး အခမ်းအနားကို ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိက အသင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။ (၄၈၇)

**ယူရို ၂၀၂၄ ဥရောပဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်**

စပိန် ၄ - ၁ ဂျော်ဂျီယာ

စပိန်အသင်း ကွာတားဖိုင်နယ်တက်ရောက်

# ဒုတိယဝန်ကြီး ဦးအေးကျော် ရှမ်းပြည်နယ်ရှိ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၃၀

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၈ ရက် ညနေပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ပြည်နယ်/ ခရိုင်/ မြို့နယ်များမှ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် မီတာဖတ်ရှုမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေး အသိသတိဖြင့် ဆောင်ရွက်ကြရန်၊ ပြည်သူများ၏ ဓာတ်အားသုံးစွဲမှု မှန်ကန်မှုရှိစေရန် မီတာယူနစ်များ လိုဖတ်/ ပိုဖတ်ခြင်းမရှိစေရေး သတ်မှတ်ကာလအတွင်း မီတာများမှန်ကန်စွာ ဖတ်ရှု၍ စာရင်းရေးသွင်းရန်၊ ဓာတ်အားခများ အပြည့်အဝကောက်ခံရရှိရေးနှင့် ဓာတ်အားခငွေများ အလွဲသုံးစားမှု မဖြစ်ပေါ်စေရေး နေ့စဉ်ကောက်ခံရရှိငွေစာရင်းနှင့် ဓာတ်အားခ တောင်းခံလွှာ လက်ခံဖြတ်ပိုင်းများဖြင့် တိုက်ဆိုင်စစ်ဆေးရန်နှင့် ရပ်/ပျက်/နှေး မီတာများကို ပုံမှန်ကွင်းဆင်းစစ်ဆေး၍ အမြန်ဆုံး အစားထိုးလဲလှယ်တပ်ဆင်ပေးရန်၊ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် မှာကြားပြီး (ယာပုံ) ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် တောင်ကြီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတို့၌ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးဝင်းအတွင်းရှိပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိသည့်စတိုနှင့် ဝန်ထမ်းအိမ်ရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၃၆) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင် အစည်းအဝေးနှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်

နေပြည်တော် ဇွန် ၃၀

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းဝန်တို့၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) ၏ ပထမအကြိမ် အာရှနှင့် ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်နှင့် (၃၆) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင် အစည်းအဝေးသို့ တက်ရောက်သည်။




ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ရှိ Shan-gri-La Mactan ဟိုတယ်၌ ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အာရှနှင့် ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ လာပူလာပူမြို့ မြို့တော်ဝန် Mr. Junard Chan၊ ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Poloikashvili နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းဝန် Ms. Christina Garcia Frasco တို့က အဖွင့်အမှာစကား ပြောကြားကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကြသည်။ (အပေါ်ပုံ)

ထို့နောက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်၏ အစီအစဉ်အရ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ အတွင်းဝန်၊ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဂျပန်နိုင်ငံ မြေနှင့် အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ Vice Commissioner နှင့် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ခရီးစဉ်ဒေသ မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း ဆွဲဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးနှင့် အကျိုးအမြတ်ရရှိစေရေး ဆောင်ရွက်ရာတွင် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ အရေးပါသော မူဝါဒများ မှန်ကန်စွာချမှတ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက FAO Mountain Partnership project နှင့် စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အစားအစာထွက် အမှိုက်များ လျှော့ချခြင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ ပိုမိုသုံးစွဲခြင်း၊ အာရှနှင့် ပစိဖိတ်ဒေသရှိ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုများ၊ အစားအသောက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် စီဘူးမြို့၏ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ညွှန်ကြားရေးမှူးက ဈေးကွက်ထောက်လှမ်းရေး၊ မူဝါဒများနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးများကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် UN Tourism ၏ အကောင်းဆုံး ခရီးသွားကျေးရွာဆု ရရှိသည့် ကျေးရွာများသို့ သွားရောက်လေ့လာခဲ့ကြပြီး ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဇွန် ၂၈ ရက်တွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် She-raton Mactan ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့်ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှ ဒေသများအတွက် ပူးတွဲ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ သမ္မတ Mr. Fer-dinand Bongbong Romualdez Marcos Jr. တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော ရာသီဥတု ပြောင်းလဲခြင်းကို တုံ့ပြန်ရာတွင် နည်းပညာအသစ်များအပေါ် ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုများကို ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေး ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ တိကျပြည့်စုံသည့်မူဝါဒများ ချမှတ်နိုင်ရေးနှင့် အဖွဲ့အစည်းများခိုင်မာအားကောင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၃၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၃၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## မြန်မာ့ရိုးရာ ပန်းပဲလက်မှုအနုပညာလက်ရာမွန်ပြပွဲ ကျင်းပ

**မန္တလေး ဇွန် ၃၀**

ပန်းပဲပညာရှင်ဦးသန့်ဇင်မောင်(နောင်ပိုအောင်)၏ မြန်မာ့ရိုးရာ ပန်းပဲလက်မှုအနုပညာလက်ရာမွန်ပြပွဲကို ဇွန်၂၈ရက်မှ ဇူလိုင် ၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၃၂(အေ)လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ ပရိတ္တဝါ အနုပညာပြခန်းတွင်ကျင်းပလျက်ရှိရာ မြန်မာ့ရိုးရာ ဓားပန်းပဲ ချစ်မြတ်နိုးသူများလာရောက်ကြည့်ရှုလေ့လာကြသည်။

မြန်မာ့ရိုးရာပန်းပဲလက်မှုအနုပညာပြပွဲတွင် ဓားအမျိုးမျိုးကို သံထည်ပစ္စည်းမှ ဓားအချောဖြစ်သည်အထိ ပြုလုပ်ပုံများ၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော မြန်မာ့ရိုးရာဓားများ၊ တိုင်းရင်းသားရိုးရာဓားများ၊ ငွေဓားဆုချီးမြှင့်ဓားများကို ပြသထားရာအမှတ်တရ လာရောက်လေ့လာဝယ်ယူခဲ့ကြကြောင်းသိရသည်။ (၀၄၅)

# ပြည်တွင်းဆန်ဈေးကွက်တွင် သင့်တင့်မျှတသည့်ဈေးကွက်ဈေးနှုန်းထက်ပိုမို၍ ဈေးနှုန်းမြှင့်တင်ရောင်းဝယ်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အချို့လုပ်ငန်းရှင်များသည် စီးပွားရေးကမောက်ကမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းဆန်ဈေးကွက်အတွင်း ဆန်ဈေးနှုန်းများ အဆမတန်မြှင့်တင်ရောင်းဝယ်လျက်ရှိသောကြောင့် အများပြည်သူမှာ ဆန်ဝယ်ယူစားသုံးရန် အခက်အခဲများဖြစ်ပေါ်ပြီး ကြပ်တည်းမှုများ ကြုံတွေ့နေရကြောင်း သတင်းရရှိသည့်အတွက် နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့ကြီးများရှိ ဆန်ဂိုဒေါင် ၁၀၂ လုံး၊ ဆန်စက် ၂၅ ခု၊ ဆိုင်ခန်း ခုနစ်ခုတို့မှ ဆန်စပါး လုပ်ငန်းရှင် ၅၈ ဦးအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသောဈေးကွက်ဈေးနှုန်းထက် အမြတ်အစွန်းပိုမိုရယူကာ ရောင်းချမှုရှိ/မရှိအား လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်စစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်များအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းအထိ အမြတ်အစွန်းပိုမိုရယူကာ ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၇ ဦး၊ သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၄ ဦး၊ သတ်မှတ်ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမို၍ အကျိုးအမြတ်များစွာ ရယူရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ခုနစ်ဦးရှိကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၄ ဦးကို ၎င်းတို့ရရှိခဲ့သည့် အကျိုးအမြတ်များအပေါ် ဒဏ်ကြေးနှင့်အခွန် ထပ်မံစည်းကြပ်သွားမည်ဖြစ်ပြီး သတ်မှတ်ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမို၍ အကျိုးအမြတ်များစွာ ရယူရောင်းချခဲ့သည့် အောက်ပါဆန်စပါးလုပ်ငန်းရှင် ခုနစ်ဦးကို ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  လင်းကိုကိုနိုင် | Global Myanmar Trading ကုမ္ပဏီ ဒါရိုက်တာ | အမှတ်(၇၈၉)၊ အနော်ရထာလမ်း၊ အနော်ရထာ စက်မှုဇုန်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၂ |  ကျော်ဇော်လင်း | ရတနာပုံဆန်စက် ပိုင်ရှင် | အမှတ်(၄၂၁၇/၄၂၁၈)၊ ရန်ကုန်-မန္တလေး (လမ်းဟောင်း)၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ | |
| ၃ |  မြင့်ဆွေ | Kanbawza ဆန်ရောင်း ဝယ်ရေးလုပ်ငန်း ပိုင်ရှင် | အမှတ်(၈/၆၃)၊ အသောကလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၄ |  လင်းထွဋ်နိုင် | သိင်္ဂီဆန်စက်ပွဲရုံ ဒါရိုက်တာ | အခန်းအမှတ် (B/1501)၊ Grand Mya Kan Thar Condo၊ မြကန်သာလမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၅ |  သိန်းဦး | စိန်ငါးပွင့်ဆန်ဆိုင် တာဝန်ခံ | အမှတ်(၂၂)၊ အကွက်(၄၈၆)၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | |
| ၆ |  အောင်တင် | သစ္စာရှင်ဆန်/ဆီ ရောင်းဝယ်ရေး ပိုင်ရှင် | အမှတ်(၅၅)၊ ရာမဝတီအိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၇ |  ဝင်းဇော် | သန့် ဆန်ဆိုင် တာဝန်ခံ | အခန်း(၇)၊ ကျုံးကျင်ဆောင်၊ ပြည်သူ့ဆေးရုံကြီး အိမ်ထောင်သည်လိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |

အလားတူ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့ကြီးများရှိ ဈေးဝယ်စင်တာနှင့် စတိုးဆိုင်ကြီးများတွင် အလေးချိန်အမျိုးမျိုးဖြင့် အသင့်ထုပ်ပိုးထားသည့်ဆန်အိတ်များ(Consumer Package)ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ပိုမိုအမြတ်တင်ရောင်းချလျက်ရှိကြောင်း သိရှိရသည့်အတွက် ဈေးဝယ်စင်တာနှင့် စတိုးဆိုင်ကြီး ၅၃ ဆိုင်၏ ဆန်ရောင်းဝယ်မှုအခြေအနေများကို လုံခြုံရေးအဖွဲ့အစည်းများက ဝင်ရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား ထိန်းသိမ်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်များအရ အထက်ပါဈေးဝယ်စင်တာနှင့်စတိုးဆိုင်ကြီးများသည် အလေးချိန်အမျိုးမျိုးဖြင့် အသင့်ထုပ်ပိုးထားသည့်ဆန်အိတ်များ(Consumer Package)ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ၂၀ ရာခိုင်နှုန်းအထိ အမြတ်အစွန်းပိုမိုရယူကာ ရောင်းချလျက်ရှိသည့် စတိုးဆိုင် တစ်ဆိုင်၊ ၂၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချလျက်ရှိသည့် ဈေးဝယ်စင်တာနှင့် စတိုးဆိုင် ၃၀၊ ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချလျက်ရှိသည့် ဈေးဝယ်စင်တာ ၂၂ ဆိုင်ရှိကြောင်း၊ ထို့အပြင် ဈေးဝယ်စင်တာနှင့် စတိုးဆိုင်အချို့မှာ ၎င်းတို့၏ ကုမ္ပဏီဝန်ထမ်းစရိတ်၊ အရောင်းမြှင့်တင်ရေးစရိတ်များကိုပါ အကျိုးအမြတ်ရယူရောင်းချသည့် နှုန်းများတွင် မလိုလားအပ်ဘဲ ထည့်သွင်းတွက်ချက် ရောင်းဝယ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

စစ်ဆေးတွေ့ရှိရသည့်ဆိုင်များအနက် သတ်မှတ်ဈေးနှုန်းထက် ၂၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဈေးဝယ်စင်တာနှင့် စတိုးဆိုင် ၃၀ ကို ၎င်းတို့ရရှိခဲ့သည့် အကျိုးအမြတ်များအပေါ် ဒဏ်ကြေးနှင့် အခွန်ထပ်မံစည်းကြပ်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ဈေးနှုန်းထက် ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမို၍ အကျိုးအမြတ်များစွာရယူရောင်းချခဲ့သည့် ဈေးဝယ်စင်တာ ၂၂ ဆိုင်မှ အောက်ပါ တာဝန်ရှိသူ လေးဦးကို ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  မျိုးသန့် | One Stop Mart ဒါရိုက်တာ | အမှတ်(၄၂၉)၊ သစ္စာဝါရီလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၂ |  ဖြိုးမင်းကျော် | City Mart Holding ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် | အမှတ်(၅၉)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၃ |  မောင်မောင်ဝင်း | Sein Gay Har Trading ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ | အမှတ်(၈၉/စီ)၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင် (အနောက်)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၄ |  Mr.Kasamatsu Hiroshi | Aeon Orange ဒါရိုက်တာ | တိုက်(ဒီ)၊ ၁၂ ထပ်၊ တာဝါ(၁)၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |

ထိုသို့ ဆန်ဈေးနှုန်းများမြှင့်တင်ရောင်းချမှုများကြောင့် အခြေခံပြည်သူများမှာ ဆန်ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူစားသုံးရလျက်ရှိသည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဈေးကွက်တည်ငြိမ်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့သဖြင့် ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အလားတူ ပြည်သူလူထု၏စားဝတ်နေရေးအကြပ်အတည်းဖြစ်စေရန် ပြည်တွင်းဆန်ဈေးကွက်အတွင်း၌ ဆန်ဈေးနှုန်းများကို သင့်တင့်မျှတသောဈေးနှုန်းများထက် ပိုမိုရောင်းချဆောင်ရွက်နေသူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ဆန်ဈေးကွက်အတွင်း ဝယ်ယူစားသုံးရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက်ပိုမို၍ အမြတ်အစွန်းရယူရောင်းချနေကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်း ထုတ်ပြန်ထားသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ





## Lee Jung Jae က Squid Game ကြောင့် Star War တွင် ပါဝင်ခွင့်ရ

နာမည်ကျော် Squid Game နှင့် ကျော်ကြားခဲ့သော လီဂျောင်ဂျေးသည် ဟောလိဝုဒ်ရုပ်ရှင် Star War တွင် ပါဝင်ခွင့်ရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဂျောင်ဂျေးသည် Star War ဇာတ်လမ်းတွဲသစ်ဖြစ်သည့် Star War: The Acolyte တွင် ပါဝင်ထားပြီး သူ့အတွက် ပထမဆုံးအင်္ဂလိပ်စကားပြောဇာတ်လမ်းဖြစ်ခဲ့သည်။

အဆိုပါဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာဖြစ်သူ လီစလေး ဟာဒယ်က လီဂျောင်ဂျေးကို Squid Game ကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည့်အပြင် လီဂျောင်ဂျေးကလည်း The Hollywood Reporter မဂ္ဂဇင်းနှင့် အင်တာဗျူးထားသည်။

လီဂျောင်ဂျေးက Squid Game ကြောင့် သူ့ကို ရွေးချယ်ခဲ့သောဇာတ်ရုပ်ကြောင့် အံ့အားသင့်ခဲ့ပြီး တူညီမှုမရှိသည်ကို တွေ့ရကြောင်း၊ အင်္ဂလိပ်ဆရာနှစ်ဦးနှင့် လေ့ကျင့်သင်ကြားနေပြီး ဇာတ်ရုပ်ပီပြင်ရန်အတွက်လည်း လေ့လာနေကြောင်း အပိုင်းခြောက်ပိုင်းပါဝင်ပြီး အပိုင်းနှစ်ထပ်ထွက်ရှိလာဦးမည်ဟု ပြောကြားသွားသည်။ **(SKY)**

## BTS အဖွဲ့ဝင်များ (၁၁)နှစ်မြောက် အမှတ်တရစာများပို့ထား

ဘီတီအက်စ်အဖွဲ့ဝင်များက အဖွဲ့ပွဲဦးထွက် (၁၁)နှစ်ပြည့်အတွက် အမှတ်တရများရေးသား၍ ပရိသတ်ထံသို့ ပေးပို့ထားကြရာ သင်တန်းပြီးဆုံးခဲ့သော ဂျင်မှလွဲ၍ အားလုံး၏စာများကို 11st Festa မှာ တွေ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်းက အမာခံပရိသတ်ဖွားကို သတိရကြောင်း၊ သူကောင်းကောင်းစား၊ အိပ်၍ လေ့ကျင့်ပြီး ကျန်းမာကာ သင်တန်းသားများနှင့် လုပ်ဖော်ကိုင်ဖက်များထံမှ သင်ယူနေကြောင်း ပထမနေရာလည်းရထားပြီး အမြင့်ကြောက်ရောဂါကိုလည်း ကျော်နိုင်ခဲ့ကာ အားလပ်ချိန်တစ်ဦးတည်း အကလေ့ကျင့်နေ၍ စိတ်မပူပါနှင့်ဟု ဆိုသည်။

ဂျောင်ဂုနှင့် ဂျီမင်ကလည်း ခက်ခဲသောအခိုက်အတန့်များရှိခဲ့သော်လည်း ပြန်တွေ့မည့်အကြောင်း တွေးနေကာ အားဖြစ်ခဲ့ကြောင်း၊ ပြန်ဆုံမည့်နေ့ကို ကျန်းမာစွာနှင့် စောင့်နေစေလိုကြောင်း စသဖြင့် ရေးသားပေးပို့ထားသည်။ **(SKY)**



## Tablo ၏သမီး Lee Haru က BTS ၏ ပရိသတ်ဖြစ်

တေးရေး၊ တေးဆို တက်ပလို၏ သမီး လီဟာရူမှာ The Return of Superman တွင် ပရိသတ်အချစ်ရရှိခဲ့ပြီး ငယ်စဉ်က ဘစ်ဘန်မှ ဂျီဒရယ်ဂွန်ကို



သဘောကျခဲ့ပြီး လက်ရှိ ဘီတီအက်စ်အဖွဲ့၏ အမာခံပရိသတ်ဖြစ်နေသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဟာရူသည် ဖခင်တက်ပလိုနှင့်အတူ ရသစုံလင်အစီအစဉ် The Return of Superman တွင် ပါဝင်ခဲ့ပြီး ပရိသတ်အချစ်ကို ရရှိခဲ့ကာ လေးနှစ်သမီးလေးက သူကြိုက်သည့် အဆိုတော်ဂျီဒရယ်ဂွန်နှင့်အတူ တွေ့ခဲ့ကြရသည်။

လက်ရှိ အသက် ၁၄ နှစ်နှင့် လီဟာရူမှာ ဘီတီအက်စ်အဖွဲ့၏ အမာခံပရိသတ်ဖြစ်နေကာ သူကြိုက်သည့်အဖွဲ့၏ အယ်လ်ဘမ်များ၊ ပတ်သက်သည့်ပစ္စည်းများ ဝယ်ယူစုဆောင်းနေသဖြင့် ဖခင်တက်ပလိုမှာ ရှာ၍မလောက်အောင်ဖြစ်နေသည်ဟု ပရိသတ်များက မှတ်ချက်ပေးထားကြသည်။ **(SKY)**

## Ant-Man မင်းသမီး Evangeline Lilly သရုပ်ဆောင်လောကမှ ထွက်ခွာသွား

မာဘယ်လ်ရုပ်ရှင်ဖြစ်သည့် Ant-Man သုံးကားတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် မင်းသမီး အီမန်ဂီလင်လီလီသည် သရုပ်ဆောင်လောကကို ကျောခိုင်း၍ အနားယူသွားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အသက် ၄၄ နှစ်နှင့် အီမန်ဂီလင်လီလီသည် ၂၀၀၂ ခုနှစ်မှစတင်၍ သရုပ်ဆောင်လောကသို့ ဝင်ရောက်ခဲ့ကာ ရုပ်သံဇာတ်လမ်း Lost နှင့် Smallville တို့အပြင် ရုပ်ရှင်ဇာတ်ကား Real Steel, The Hobbit, The Desolation of Smaug နှင့် The Hobbit: The Anmy of Five Baltles တို့တွင် ပါဝင်၍ ကျော်ကြားခဲ့သူဖြစ်သည်။

ရုပ်ရှင်လောကတွင် ၂၂ နှစ် ကျင်လည်ခဲ့ပြီးနောက် အနားယူမည့်အကြောင်းကို သူ၏ အင်စတာဂရမ်မှ တရားဝင်အတည်ပြုပေးထားပြီး ဟောလိဝုဒ်ကို တစ်နေ့နေ့ ပြန်ရောက်လာနိုင်သည်ဟုဆို၍ ပရိသတ်စိတ်မကောင်းဖြစ်ခဲ့ကြသည်။ **(SKY)**



## အုန်းဆီစားသုံးခြင်း၏ အကျိုးရလဒ်အနေဖြင့် နှလုံးရောဂါနှင့်လေဖြတ်ခြင်း ကင်းဝေးစေမည်

အမေရိကန်ပြည်ထောင်စုတက္ကဆက်တက္ကသိုလ်မှ လက်ထောက်ပါမောက္ခ အန်နီနယူးဝဲလ်ဖူဂိတ် ဦးဆောင်သော သုတေသီများသည် အုန်းဆီစားသုံးခြင်းနှင့် ဆက်နွယ်သောကျန်းမာရေးဆိုင်ရာအကျိုးရလဒ်အကြောင်းကို မကြာသေးမီက လက်တွေ့စူးစမ်းလေ့လာခဲ့ကြသည်။

ဓာတ်ခွဲခန်းသုံးဝက်ကလေးများကို အုန်းဆီပါသောအစားအစာများကျွေးပြီး အုပ်စုသုံးစုခွဲကာ ရှစ်လကြာ စမ်းသပ်ခဲ့ရာမှ ထူးခြားချက်များတွေ့ရှိခဲ့သည်။ ယင်းထူးခြားချက်များအပေါ်အခြေခံ၍ အုန်းဆီကိုလူတို့စားသုံးလျှင် နှလုံးရောဂါနှင့် လေဖြတ်ခြင်း စသော အန္တရာယ်များမှ ကင်းဝေးစေမည်ဟု သုံးသပ်တွေ့ရှိရကြောင်း အန်နီနယူးဝဲလ်ဖူဂိတ်က ရှင်းပြသည်။

၎င်းတို့၏တွေ့ရှိချက်အပြည့်အစုံကို အင်ဒိုခရိုင်းအဖွဲ့အစည်းဂျာနယ်တွင် စာတမ်းရေးသားတင်ပြထားကြောင်းသိရသည်။ **(SCI)**

## Heeramandi: The Diamond Bazaar အပိုင်းသစ်ထွက်ရှိလာဦးမည်

နာမည်ကျော်ဘောလိဝုဒ်မင်းသမီးချော ခြောက်ယောက်နှင့် အဓိကရိုက်ကူးထားပြီး ဟိန္ဒီစကားပြော နက်ဖလစ်ဇာတ်လမ်းတွဲ အောင်မြင်မှုရရှိခဲ့၍ အပိုင်းသစ်ထပ်မံထွက်ရှိလာမည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲကို နက်ဖလစ်က မေလမှစ၍ ထုတ်လွှင့်ပြသခဲ့ရာ နိုင်ငံပေါင်း လေးဆယ်ကျော် ကြည့်ရှုမှုအဆင့်တွင် တစ်ဆယ်အတွင်း စာရင်းဝင်ခဲ့၍ ထုတ်လုပ်သူက အပိုင်းနှစ်အတွက် ပြင်ဆင်နေပြီဖြစ်သည်။

ဘောလိဝုဒ်ဒါရိုက်တာ ဆန်ဂျေးလီလာဘဟန်ဆလီက ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာတာဝန်ယူ၍ အပိုင်းရှစ်ပိုင်းနှင့် ထုတ်ခဲ့ရာ နာမည်ကျော်မင်းသမီးများဖြစ်ကြသည့် မန်နီရှာကိုရီရာလာ၊ ဆိုနမ်ရှီရှင်ဟာ၊ အာဒီတိရိုဟေဒီရီ၊ ရီချာချာဒါ၊ ဆန်ဂျေဒါရုပ်ကီနှင့် ရှာမင်ဆီဂယ်မီသာတို့ အဓိကပါဝင်၍ ပြည့်ကြီးဒါလီများအကြောင်း ဖြစ်သည်။ **(SKY)**




## Song Hye Kyo က မွန်ဂိုလီးယား ရှိ Lee Tae-joon Memorial တွင် ကိုရီးယားလမ်းညွှန်စာအုပ် လှူဒါန်းခဲ့



ဆောင်းဟေကိုသည် ပါမောက္ခဆိုနှင့်အတူ မွန်ဂိုလီးယားရှိ Lee Tae-joon Memorial တွင် မွန်ဂိုလီးယားနှင့် ကိုရီးယားဘာသာစကားနှစ်မျိုးနှင့် ထုတ်ဝေထားသည့် လမ်းညွှန်စာအုပ်တစ်သောင်း လှူဒါန်းခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်းဟေကိုသည် ဇွန် ၂၅ ရက်တွင် ကျင်းပမည့် Blue Dragon Series Awards ပွဲတွင် ဆုရရှိထားသူများအတွက် ကျင်းပပေးသည့်ပွဲဖြစ်၍ Daesong ဆု ရရှိထားသဖြင့် တက်ရောက်မည်ဖြစ်သည်။

လက်ရှိ Chaumet Gala Event in Venice တွင် ဆောင်းဟေကို၏ ဆံပင်ပုံစံနှင့် ဝတ်စုံမှာ ရိုးရှင်းလွန်း၍ နိုင်ငံတကာပရိသတ်ကြား ဝေဖန်စရာဖြစ်ခဲ့ရသည်။

အနေအေးပြီး ရိုးစင်းလွန်းသည့် သူ၏ ဖက်ရှင်စတိုင်လ်များကို ပရိသတ်များက မချင့်မရဲဖြစ်နေသော်လည်း ဆောင်းဟေကိုမှာ စိတ်ထားဖြူစင်၍ သည်းခံစိတ်များသူဖြစ်ကာ သူ့အလုပ်ကို ဆက်လက်လုပ်ကိုင်ရင်း မွန်ဂိုလီးယားရှိ Lee Tae Joon Memorial သို့ စာအုပ်များစွာ လှူဒါန်းမှုပြုလုပ်ခဲ့သည်။ **(SKY)**

# ဟယ်ရီပေါ်တာစာအုပ် မျက်နှာဖုံးပန်းချီပုံမူရင်းကို ပေါင် ၁ ဒသမ ၅ သန်းဖြင့် လေလံတင်ရောင်းချ

**ဝါရှင်တန် ဇွန် ၃၀**

ဗြိတိသျှစာရေးဆရာမ ဂျေကေရိုးလင်း၏ ဟယ်ရီပေါ်တာ စာအုပ်တွဲများအနက် အစောဆုံးဖြစ်သည့် ဟယ်ရီပေါ်တာနှင့် ဓာတ်လုံးစာအုပ်၏ မျက်နှာဖုံး ပန်းချီလက်ရာကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ဆိုသီဘီလေလံကုမ္ပဏီက လေလံတင်ရောင်းချခဲ့ရာ စတာလင်ပေါင် ၁ ဒသမ ၅ သန်းနှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်း စံချိန်တင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ပန်းချီဆရာ သောမတ်စ်တေလာက ရေဆေးဖြင့် ရေးဆွဲပေးထားသည့် ယင်းပန်းချီကားကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက အမွေအနှစ် လေလံကုမ္ပဏီက လေလံတင်ရောင်းချရာ ဒေါ်လာ ၄၂၁၀၀၀ ရရှိခဲ့သည်။ ယခုအကြိမ် လေလံတင်ရောင်းချလျှင် ဒေါ်လာ ၄၀၀၀၀၀ မှ ၆၀၀၀၀၀ ခန့် ရနိုင်သည်ဟု ဆိုသီဘီကုမ္ပဏီက ခန့်မှန်းခဲ့သည်။

လေလံပွဲစပြီး ၁၀ မိနစ်ခန့်အကြာတွင် ယင်းမျက်နှာဖုံးပန်းချီကားကို ပေါင် ၁ ဒသမ ၅ သန်းဖြင့် အမည်မဖော်လိုသူတစ်ဦးက ဝယ်ယူလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



# အသက် ၆၇ နှစ်အရွယ် ဆာဒေးဗစ်ဟင်ပလီမန်းအဒမ်းစ် မိုးပျံဘောလုံးစီးပြီး အတ္တလန္တိတ်သမုဒ္ဒရာ ဖြတ်ကျော်ဦးမည်

**လန်ဒန် ဇွန် ၃၀**

ဗြိတိန်နိုင်ငံမှ အသက် ၆၇ နှစ်အရွယ် ဆာဒေးဗစ်ဟင်ပလီမန်းအဒမ်းစ် မိုးပျံဘောလုံးစီးပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ထပ်မံဖြတ်ကျော်ရန် အားခဲလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၄င်းသည် အတ္တလန္တိတ်သမုဒ္ဒရာကို ခြင်းချိတ်ဆွဲထားသည့် မိုးပျံဘောလုံးဖြင့် တစ်ကိုယ်တော် နှစ်ကြိမ်ဖြတ်ကျော်ခဲ့ဖူးသည်။

ယခုအကြိမ်တွင်မူ ဟိုက်ဒရိုဂျင်ဘောလုံးဖြင့် ထိုသမုဒ္ဒရာပြင်ကျယ်ကြီးကို နောက်မဆုတ်တမ်း ဖြတ်သန်းရန် မိတ်ဆွေနှစ်ဦးဖြစ်သူ အမေရိကန်ဘောလုံးထုတ်လုပ်ရေး ကုမ္ပဏီသူဌေး ဘတ်ပါဒဲ့လ်၊ ဆွီဒင်နိုင်ငံသား လူစွန့်စား၊ သိပ္ပံပညာရှင် ဇွန့်ဦးတီထွင်သူ ဒေါက်တာဖရက်ဒရိုက်ပေါ်လဆင်တို့နှင့်အတူ ဇွန် ၂၈ ရက်က ထပ်မံကြိုးပမ်းခဲ့ပြန်သည်။

သို့ရာတွင် ၄င်းတို့ သုံးဦးစတင်ခရီးနှင်သည့် မြောက်အမေရိကဒေသတွင် ရာသီဥတုကောင်းမွန်သော်လည်း လမ်းတွင် အခြေအနေမကောင်းတော့သဖြင့် ကနေဒါနိုင်ငံ နယူးဘန်းစ်ဝစ်ခ်ပြည်နယ်အနီးတွင် ၄င်းတို့၏ ဘောလုံးကို အောက်သို့ ဆင်းစေခဲ့ရသည်။

**Mon**



# မြေထည်သတင်းစာရုပ်တုများ ဖန်တီးရှင် မိရှိမ အသက် ၉၁ နှစ်အရွယ်တွင် ကွယ်လွန်

**တိုကျို ဇွန် ၃၀**

၁၉၇၀ ပြည့်လွန်နှစ်များက နာမည်ကျော်ကြားခဲ့သည့် မြေထည်သတင်းစာရုပ်တုများ ဖန်တီးရှင် ကိမိယောမိရှိမ ဇွန်လနှောင်းပိုင်းက အသက် ၉၁ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း ပန်းချီသတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၃၂ ခုနှစ်က ဂျပန်နိုင်ငံ အိုဆာကာမြို့၌ မွေးဖွားခဲ့သော မိရှိမသည် ဆယ်ကျော်သက်အရွယ်ကတည်းက ပန်းချီအနုပညာကို စိတ်ဝင်စားသဖြင့် အထက်တန်းစာမေးပွဲအောင်သောအခါ ပန်းချီလောကထဲသို့ ဝင်ရောက်ခဲ့သည်။

နာမည်ကျော် ပန်းချီဆရာ ရှိဂဲဂျိုနှင့် အိမ်ထောင်ကျပြီးနောက် အမေရိကန် ပန်းချီလောကထဲသို့ ဝင်ရောက်နိုင်သည်အထိ ၄င်း၏ အနုပညာပါရမီကို ဆက်လက်ပြသခဲ့သည်။

ဤသို့ဖြင့် ၁၉၇၀ ပြည့်နှစ်သို့ရောက်လာသောအခါ ၄င်းအနေဖြင့် သတင်းစာအဟောင်းများကို မြေထည်အဖြစ် အသွင်သဏ္ဌာန်အမျိုးမျိုးပြုလုပ်ဖန်တီးပြီး ပရိသတ်၏ အာရုံကို ဖမ်းစားခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ရေထဲမျောပါလာသော ပုလင်းများထဲရှိ အရည်များကို တံငါသည် လေးဦး သောက်မိရာမှ နှစ်ဦး သေဆုံး

**ကိုလံဘို ဇွန် ၃၀**

သီရိလင်္ကာနိုင်ငံတွင် ဇွန် ၂၉ ရက်က ရေထဲမျောပါလာသော ပုလင်းများထဲရှိ အရည်များကို တံငါသည် လေးဦး သောက်မိရာမှ နှစ်ဦး သေဆုံးမှုဖြစ်ပွားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပင်လယ်ထဲသို့ ငါးဖမ်းထွက်လာသော တံငါသည်တစ်စုသည် တောင်ဘက်ကမ်းရိုးတန်းရှိ တန်ဂါလေမြို့မှ ရေမိုင် ၃၂၀ ခန့်အကွာတွင် ရေထဲ၌ ပေါလောမျောပါလာသော ပုလင်းအချို့ကို တွေ့ရှိခဲ့ကြသည်။

ထိုပုလင်းများထဲရှိ အရည်များကို တံငါသည် လေးဦးက အရက်ထင်မှတ်ပြီး သောက်ပစ်လိုက်ရာမှ နှစ်ဦးသေဆုံးကာ ကျန်နှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်နေရကြောင်း သိရသည်။

**Mon**





# နိုက်ဖိနပ် အရောင်းကျဆင်းမှုအပေါ်အခြေခံ၍ အစုရှယ်ယာဈေးကွက်များ၌ များစွာအရှုံးပြ

**ဝါရှင်တန် ဇွန် ၃၀**

ဇွန်လနှောင်းပိုင်းက တစ်ကမ္ဘာလုံးတွင် နိုက်ဖိနပ်အရောင်းကျဆင်းခဲ့သည်။ ယင်းအရောင်းကျဆင်းမှုအပေါ်အခြေခံ၍ ဥရောပ၊ ဗြိတိန်နှင့် အမေရိကန်အစုရှယ်ယာဈေးကွက်များ၌ နိုက်ကုမ္ပဏီအနေဖြင့် များစွာအရှုံးပြခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

နိုက်ဖိနပ် ထုတ်လုပ်ရေးကုမ္ပဏီသည် ဈေးကွက်ချဲ့ထွင်သော မူဝါဒကို ရှေးရိုးအတိုင်း ကျင့်သုံးနေရာမှ ယခု အမေရိကန်ဒေါ်လာ သန်းနှင့်ချီ အရှုံးပေါ်ခဲ့ခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူအချို့က ဝေဖန်ထောက်ပြကြောင်း သိရသည်။

**Mon**

ယခုနှစ် မုန်တိုင်းရာသီအတွက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပထမဆုံးဖြစ်ပေါ်သော ဘယ်ရီးလ်ဟာရီကိန်းမုန်တိုင်း မက္ကဆီကိုပင်လယ်ကွေ့ထဲသို့ ဇွန် ၂၉ ရက်က ဝင်ရောက်တိုက်ခတ်လာစဉ်။ **Mon**



# နတ်ဖြစ်နေပြီဟု ဆိုခဲ့သော ဝူးမေဟိုးကို စင်ကာပူနိုင်ငံ၌ ထောင်ဒဏ်စီရင်ချက်ချ

**စင်ကာပူ ဇွန် ၃၀**

မိမိကိုယ်မိမိ နတ်ဖြစ်နေပြီဟု ဆိုခဲ့သော အသက် ၅၄ နှစ်အရွယ် ဝူးမေဟိုးကို စင်ကာပူနိုင်ငံ၌ မကြာသေးမီက ထောင်ဒဏ်စီရင်ချက်ချမှတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၄င်းသည် လွန်ခဲ့သော ၂၀၁၂ ခုနှစ်ကတည်းက အိန္ဒိယနိုင်ငံ ရှုရီဆတ်ခတီးနာရာယာနီအမွှာမယ်တော်နတ်ကို ကိုးကွယ်သူ ၃၀ ခန့်တို့၏ နတ်ဆရာမဖြစ်ခဲ့သည်။

ယင်းမယ်တော်အား ပူဇော်ပသရန်နှင့် မယ်တော်စံမြန်းသည့် ကျောင်းဆောက်လုပ်လှူဒါန်းရန် အတွက်ဟု အကြောင်းပြကာ ဝူးမေဟိုးက ထိုနောက်လိုက်နောက်ပါများထံမှ စင်ကာပူဒေါ်လာ ခုနစ်သန်းထက်မနည်း လိမ်လည်ရယူခဲ့သည်။

ထို့ပြင် နောက်ပိုင်းတွင် မိမိကိုယ်တိုင်သည်ပင်လျှင် နတ်ဖြစ်နေပြီဟုပြောသည်ကို ယုံကြည်ကြသော နောက်လိုက်နောက်ပါများက မစင်ကိုစားဆိုလျှင်လည်း စားရ၊ သွားများ ဆွဲနုတ်ပစ်လျှင်လည်းခံခဲ့ကြရသည်။

စင်ကာပူရဲစုံထောက်များက ၄င်းကို ဖမ်းဆီးစစ်ဆေးပြီးနောက် လိမ်လည်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားရှိသဖြင့် ထောင်ဒဏ် ၁၀ နှစ်ခွဲ ချမှတ်လိုက်ကြောင်း သိရသည်။

**Mon**



## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး



**တန့်ယန်း ဇွန် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀



## ဆေးဆိုင်များတွင် သတ်မှတ်ညွှန်ကြားချက်အတိုင်းရောင်းချရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း ဇွန် ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်း ဆေးဆိုင်များတွင် သတ်မှတ်ညွှန်ကြားချက်အတိုင်း ရောင်းချရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့မရဲစခန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများက ဗိုလ်မင်းရောင်ရပ်ကွက်နှင့် မြဝတီရပ်ကွက်အတွင်းရှိ ဆေးဝါးများရောင်းချလျက်ရှိသည့် ဆေးဆိုင်များတွင် သတ်မှတ်ညွှန်ကြားချက်အတိုင်း ရောင်းချရေး၊ တရားမဝင်ဆေးဝါးပစ္စည်းများ ရောင်းဝယ်ဆောင်ရွက်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့ပြီး အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ခွင့်ပြုချက်မဲ့သယ်ဆောင်လာသည့် လောင်စာဆီများအား နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဖမ်းဆီး

**မိုးညှင်း ဇွန် ၃၀**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ပူးပေါင်းအဖွဲ့မှ ဇွန် ၂၆ ရက်က ယာဉ်များအား စစ်ဆေးရှာဖွေရာမှ ခွင့်ပြုချက်မဲ့သယ်ဆောင်လာသည့် လောင်စာဆီများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၆ ရက် မွန်းတည့် ၁၂ နာရီက မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မိုးညှင်းခရိုင် တရားမဝင် ကုန်သွယ်မှုများတားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင် ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်များအားစစ်ဆေးနေစဉ် မန္တလေးမြို့ဘက်မှ မိုးညှင်းမြို့ဘက်သို့ ထွန်းငြိမ်း(၄၇)နှစ်မောင်းနှင်ပြီး ယာဉ်နောက်လိုက် စိန်မြသန်း(၃၂)နှစ်လိုက်ပါလာသော YGN------နံပါတ်ပါ NISSAN DIESEL အမျိုးအစား(၁၂)ဘီး အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ဒီဇယ်ဆီပေပါ ၉၀ လုံးအတွင်းမှ ဒီဇယ်ဆီဂါလန် ၄၃၂၀ အား ရှာဖွေတွေ့ရှိသဖြင့် စစ်ဆေးရာ သယ်ဆောင်လာသည့် စက်သုံးဆီများမှာ စာရွက်စာတမ်းတစ်စုံ တစ်ရာပါရှိခြင်းမရှိဘဲ ခွင့်ပြုချက်မဲ့ သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် တရားမဝင် စက်သုံးဆီများ သယ်ဆောင်လာသည့် ထွန်းငြိမ်း(၄၇)နှစ်နှင့် စိန်မြသန်း(၃၂)နှစ်တို့နှစ်ဦးအား မိုးညှင်းမြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်အရေးယူထားသည်။

ဆက်လက်၍ စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးဆောင်ရွက်ရာ မန္တလေးမြို့ဘက်မှ မိုးညှင်းမြို့ဘက်သို့ ဖြိုးဝေဦး(၂၈)နှစ်မောင်းနှင်ပြီး ယာဉ်နောက်လိုက် တင်မောင်ထွန်း(၂၅)နှစ် လိုက်ပါလာသည့် ယာဉ်အမှတ် ----- နံပါတ်ပါ NISSAN DIESEL အမျိုးအစား(၁၂)ဘီး အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်၌ ဒီဇယ်ဆီပေပါ ၉၀ လုံးအတွင်းမှ ဒီဇယ်ဆီဂါလံ ၄၃၂၀အား ရှာဖွေတွေ့ရှိသဖြင့် စစ်ဆေးရာ သယ်ဆောင်လာသည့် စက်သုံးဆီများမှာ စာရွက်စာတမ်းတစ်စုံတစ်ရာ ပါရှိခြင်းမရှိဘဲ ခွင့်ပြုချက်မဲ့ သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် တရားမဝင်စက်သုံးဆီများ သယ်ဆောင်လာသည့် ဖြိုးဝေဦး(၂၈)နှစ်နှင့် တင်မောင်ထွန်း(၂၅)နှစ်တို့ နှစ်ဦးအား မိုးညှင်းမြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်အရေးယူထားသည်။

အလားတူစစ်ဆေးရေးအဖွဲ့မှ နန့်စီးအောင်ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်များအား စစ်ဆေးနေစဉ် မန္တလေးမြို့ဘက်မှ မိုးညှင်းမြို့ဘက်သို့ ဝင်းထိန်(၅၇)နှစ် မောင်းနှင်လာသော ယာဉ်အမှတ်---- နံပါတ်ပါ NISSAN DIESEL အမျိုးအစား (၁၂)ဘီး အပြာရောင်မော်တော်ယာဉ် အား ရပ်တန့်စစ်ဆေးခဲ့ရာ ဒီဇယ်ဆီပေပါ(၁၀၀) လုံးအတွင်းမှ ဒီဇယ်ဆီဂါလန် ၄၈၀၀ အား ရှာဖွေတွေ့ရှိသဖြင့် စစ်ဆေးရာ သယ်ဆောင်လာသည့် စက်သုံးဆီများမှာ စာရွက်စာတမ်း တစ်စုံတစ်ရာပါရှိခြင်းမရှိဘဲ ခွင့်ပြုချက်မဲ့ သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် တရားမဝင်စက်သုံးဆီများ သယ်ဆောင်လာသည့် ဝင်းထိန်(၅၇)နှစ်အား မိုးညှင်းမြို့မ ရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အမှုဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။

(၄၄၄)

၀-၀-၀-၀-၀



## မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျမှု ရှင်းလင်းဖယ်ရှား

**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်၊ မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၃၆/၃)ရှိ လမ်းလယ်ကျွန်းတွင် ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လမ်းဘေးရှိ ဘော့စကိုင်းသစ်ပင်လဲကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဘောနတ်ကြီးအမြန်လမ်း နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဘောနတ်ကြီး အမြန်လမ်းရဲတပ်ဖွဲ့ဝင်များသွားရောက်၍ သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

(အပေါ်ပုံ)

(၀၄၅)

## တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊လုပ်ငန်းသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) ပူးပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၇၈၂) ဂါလန်နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီးကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ထို့ပြင် ဇွန် ၂၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှိုင်းဘွဲ့-ဘားအံကားလမ်း၊ ထီးဖိုးကလုံးကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထွက် ငါးမြစ်ချင်းပိသော(၅၀၀)၊ အသားတုမျိုးစုံ ကီလိုဂရမ်(၅၀)ပါ (၅၉)အိတ်နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor (၁)စီးနှင့် Nissan Caravan (၁)စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

(ဝဲပုံ)

ထို့ပြင် ဇွန် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ကောင်းမှုတော်လမ်းဆုံအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကြွေပန်းကန်ပြား (၄၃၀)ဖာ၊ ပန်းကန်လုံးဖာ(၁၁၀)၊ သံချောင်းအရှည်(၁၂၂)ချောင်း၊ ဖုန်စုပ်စက်(၃၉၀)လုံး အပါအဝင် ကုန်ပစ္စည်း(၆၅)မျိုးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အောင်မြင်ခြင်းတို့ လင်းလက်စေ

ယခုနှစ်တွင် ဇွန်လသို့ ရောက်သည့်တိုင် နောက်ကျနေသောမိုးကြောင့် ပိတောက်တို့ အပွင့်နောက်ကျကြသည်။ သို့သော် ကျောင်းဖွင့်ချိန်ဝယ် ပိတောက်တို့၏ ရနံ့ကြောင့် ကြည်နူးမှုက လတ်ဆတ်နေသည်။ ကျောင်းဖွင့်ချိန်၏ ထုံးစံအတိုင်း အတန်းသစ်တက်သူ၊ ကျောင်းသားဟောင်းအဖြစ် ပြန်လည်အပ်နှံသူ၊ ကျောင်းသားသစ်အဖြစ် ပြောင်းရွှေ့အပ်နှံလာသူများနှင့် မျက်နှာသစ်၊ မျက်နှာဟောင်းတပည့်တို့ ပျားပန်းခတ်မျှ ရှိချေသည်။ ကျောင်းသားတို့အတွက် ကျောင်းသားလက်ခံနေကြသော ဆရာ၊ ဆရာမတို့ခမျာလည်း မအားလပ်ရှာကြ။ သို့သော် ရွှင်ပြုံးနေကြပါသည်။ အတန်းသစ်တက်လာကြသော တပည့်များအတွက် ဝမ်းပန်းတသာရှိကြသကဲ့သို့ အတန်းသစ်မတက်နိုင်ရှာသော တပည့်များအတွက်လည်း ကရုဏာသက်စွာ အားပေးစကားဖြင့် ကြိုဆိုရင်း သူတို့လေး၏စိတ်ဓာတ်ကို မြှင့်တင်ပေးကြရလေသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-12 အတန်းသစ်ကို စတင်လက်ခံသင်ကြားရသည်မို့ ဆရာ၊ ဆရာမများအားလုံး ရင်ခုန်ကြပါသည်။ အထူးသဖြင့် Physics, Chemistry, Biology ကဲ့သို့သော ဘာသာရပ်များကို သင်ကြားရမည့်သူများအဖို့ ဝီရိယပို သဒ္ဓါကဲစွာ လေ့လာသုံးသပ်လျက် သင်ကြားရန် အားခွန်စိုက်ထုတ်ကြရလေသည်။ ထိုနည်းတူစွာ အခြားဘာသာရပ် ဆရာ၊ ဆရာမများသည်လည်း သူတို့နည်းတူ ပူပင်သောက၊ ဗျာပါဒနှင့်ပင် သင်ခန်းစာကို တပည့်တို့နားလည်ရန် ကြိုးစား၍ သင်ကြားရန် ခွန်အားစိုက်ထုတ်ကြရ၏။

Grade-12 အတန်းသို့ တက်ရောက်ပညာသင်ကြမည့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်လည်း စနစ်သစ်တက္ကသိုလ်ဝင်အတန်းမို့ စူးစူးစိုက်စိုက်အာရုံပြုကာ မှတ်သားလေ့လာရန် တာဆူနေကြဟန်ရှိသည်။ ကျောင်းဖွင့်စပင်ဖြစ်သော်လည်း စာသင်ချိန်အချိန်ဇယားကို မျှော်တနေကြသည်မှာ သိသာလွန်းလှသည်။

ကျောင်းဖွင့်စရက်များ၌ ဆရာ၊ ဆရာမတို့ကို ကြောက်ကြောက်ရွံ့ရွံ့ရှိကြသော် ကျောင်းတက် ရက်လ, လေးအတော်ရလာသည့်အခါ ရင်းနှီးမှုကရှိလာကြသည်။ သင်ကြားရေးနှင့် လေးစားမှုကြားတွင် သံယောဇဉ်တို့ ခိုင်မြဲလာကြသည်။ နံနက်ကျောင်းမတက်မီ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ၊ ဆရာမများ၏ အလှည့်ကျဆုံးမလမ်းညွှန်မှုများကို စိတ်ဝင်တစား နာယူမှတ်သားသည့် အလေ့အထသည် တဖြည်းဖြည်း ကျောင်းသား၊ ကျောင်းသူတို့၏စိတ်ဝယ် ဘဝတွက်တာလမ်းညွှန်မှုများသဖွယ် နားလည်သဘောပေါက်လာကြသည်။

ဆရာ၊ ဆရာမများကလည်း မိမိတို့ဘဝနှင့်ယှဉ်၍ရရှိခဲ့သော ဘဝ၏အတွေ့အကြုံများကို မိမိတို့ဖတ်ဖူးမှတ်ဖူးသည့် စာပေဗဟုသုတများနှင့် ပေါင်းစပ်ကာ သဘာဝကျကျ ပြန်လည်လက်ဆင့်ကမ်း ပြောကြားပေးကြသဖြင့် အတန်းအောင်မြင်ရေးသက်သက်သာမဟုတ်ဘဲ နောင်လူ့လောကအတွင်း ဖြတ်သန်းကြသည့်အခါ အခက်အခဲများမရှိရလေအောင် လမ်းညွှန်မှုသဖွယ် တန်ဖိုးရှိစွာ ပြောကြားခဲ့ကြပေသည်။

စာပေသင်ယူမှု၊ လက်တွေ့ပြုလုပ်မှုများတွင်လည်း အများနှင့်အတူ ပူးပေါင်းလုပ်ဆောင်မှုများ၌ မိမိတို့၏ပါဝင်ပတ်သက်လုပ်ဆောင်ခြင်းအတွက် တန်ဖိုးထားတတ်လာခဲ့ကြသည်။ အတန်းငယ်လေးများမှ ညီငယ်၊ ညီမငယ်လေးများအတွက် အကူအညီလိုအပ်လာပါက မည်သို့မည်ပုံ ကူညီရမည်ကို ဆရာ၊ ဆရာမများအား မေးစမ်း၍ ပူးပေါင်းပါဝင်မှုကို နားလည်လာကြသည်။

ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူလေးများသည် ငွေကြေးပြည့်စုံသော မိသားစုများမှမဟုတ်ကြသဖြင့် ကျောင်းရှိ ဆရာ၊ ဆရာမများ၏ သင်ကြားမှုဖြင့်သာ သင်ကြားခြင်းအတွက် ခံယူမှုကို ကျေနပ်ကြရရှာသည်။ မရှင်းလင်းသည်များကို မေးမြန်းရန် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း မေးမြန်းကြစေရန် ဆရာ၊ ဆရာမများက ခွင့်ပြုထားကြသည်။ ညနေကျောင်းဆင်းပြီးနောက်တွင် သင်ခန်းစာအတွက် မေးမြန်းနိုင်ရန် ဆရာ၊ ဆရာမများက စောစောမပြန်ကြချေ။ တပည့်တို့မေးစရာ မရှိမှသာ ပြန်ကြသည်မှာလည်း ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမတို့အကြား အပြန်အလှန် နားလည်သဘောပေါက်မှုမှာ လေးစားစရာပင်။

သီတင်းကျွတ်ချိန်ခါသမယ ဆရာ၊ မိဘကန်တော့ပွဲ အချိန်အခါတွင် အာစရိယဂုဏ်ကို ထိပ်ဝယ်ပန်ဆင်လျက် ကံသုံးပါးဖြင့် ထိခြင်းငါးပါးနှင့်အတူ ကန်တော့ကြသည်မှာလည်း မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ လေးစားချစ်ခင်စရာပင်ဖြစ်ပေသည်။ ကျောင်းကထိန်ပွဲကိုလည်း သိုက်မြိုက်စွာ လှူဒါန်းနိုင်ခဲ့ကြသည်။ မနည်းမများလှသော အလှူငွေပမာဏရရှိရန်အတွက် ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားတို့က လ, အတော်များများပင်လျှင် ကြိုတင်လျက် တတ်နိုင်သရွေ့ စုဆောင်းလာနိုင်ခဲ့ကြသဖြင့် ကထိန်ပွဲလေးမှာ စည်စည်ကားကားဖြင့် ကျောင်းတော်ကြီး၏ ဂုဏ်နှင့် ကျောင်းသား၊ ကျောင်းသားမိဘ၊ ဆရာ၊ ဆရာမတို့၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည်။ ထို့အပြင် ကျောင်းစာကြည့်တိုက်ရှိ စာအုပ်များကို ပြန်လည်စိစစ်လျက်လိုအပ်သော စာအုပ်များ ပါဝင်လှူဒါန်းနိုင်ရန် ကျောင်းသားမိဘများနှင့်တိုင်ပင်ကာ ကျောင်းစာကြည့်တိုက်၏ စာပေအင်အား ပိုမိုမြင့်မားရေးအတွက် ပြုလုပ်နိုင်ခဲ့သည်။

ရှေးအစဉ်အဆက် ပြုလုပ်နိုင်ခဲ့သည့် စုံညီပွဲတော်ကိုလည်း စည်းလုံးညီညွတ်စွာဖြင့် အစဉ်အလာမပျက် ပြုလုပ်နိုင်ခဲ့သည်။ ဒီဇင်ဘာလ အားကစားရာသီ၌လည်း ဘောလုံး၊ ဘတ်စကတ်ဘော၊ ဘော်လီဘောမှအစ ပြေးခုန်ပစ်ပါမကျန် အရွယ်အလိုက်၊ အတန်းအလိုက် အားကစားကို အကြောင်းပြုလျက် မိမိတစ်ဦးတည်း စွမ်းရည်၊ အသင်းအဖွဲ့လိုက် ပြုလုပ်ရသော စွမ်းရည်တို့ကို ထုတ်နုတ်လျက် ကျောင်း၏ဂုဏ်၊ ကျောင်း၏သိက္ခာကို မြင့်မားစေနိုင်ခဲ့သည်။

ကျောင်းသင်ခန်းစာများပြီးဆုံး၍ ပြန်လှန်လေ့ကျင့်ခန်းများဖြင့် ကျောင်းသား၊ ကျောင်းသူတို့၏ စာမေးပွဲမေးခွန်းများနှင့် ရင်းနှီးသက်ဝင်စေရန် လေ့ကျင့်ပေးသည့်အခါ ဆရာ၊ ဆရာမတို့၏ ကရုဏာဒေါသ ကျောင်းသား၊ ကျောင်းသူတို့၏ လွန်ကဲသော အောင်မြင်လိုစိတ်၊ အောင်မြင်လိုသောဆန္ဒ၏ နောက်ကွယ်မှ စိုးရွံ့စိတ် စသည် စသည်တို့ဖြင့် ကြုံခဲ့ရသည်။ သို့သော်လည်း ဆရာ၊ ဆရာမတို့၏ စေတနာ၊ ကျောင်းသူကျောင်းသားတို့၏ လိုက်နာမှု နာခံမှု၏ နောက်ကွယ်၌ အောင်မြင်မှုပြယုဂ်သည် စောင့်ကြိုလျက်သာ။

၂၀၂၃-၂၄ ပညာသင်နှစ်အတွက် Grade-12 အတန်းအား သင်ကြားပေးသည့် ဆရာ၊ ဆရာမများမှာ ဝါရင့်သဘာရင့် ဆရာ၊ ဆရာမကြီးများမဟုတ်ကြပါပဲ ထိုနှစ်မတိုင်မီက ဘီအီးဒီသင်တန်းကို ပူပူနွေးနွေး ဆင်းလာကြသူများသာ ဖြစ်ပါသည်။ သို့သော် မိမိတို့၏တပည့်များ တော်စေ၊ တတ်စေ၊ အောင်မြင်စေလိုသော သဒ္ဓါစိတ်ကြောင့် တပည့်တို့နားလည်သဘောပေါက်ကြသည့်တိုင် သင်ကြားခြင်း။ တပည့်တို့မှလည်း ဆရာ၊ ဆရာမတို့၏ သင်ကြားမှုကို အကြွင်းမဲ့ယုံကြည်စွာဖြင့် မှတ်သားခံယူလေ့ကျင့်ခြင်းစသည့် အထက်ပါအခြင်းအရာများကြောင့် ရလာဒ်သည် ထင်ရှားစွာ ဖူးပွင့်ခဲ့ပါသည်။

သင်းပျံ့ခဲ့သော ပိတောက်ရွှေဝါတို့နှင့်အတူ အောင်မြင်ခြင်းရလဒ်သည် ရနံ့သင်းကြူခဲ့ရလေသည်။ Grade-12 အတန်းတွင် ပါဝင်ဖြေဆိုခဲ့သူ ကျောင်းသား၊ ကျောင်းသူများ အောင်မြင်ခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ကျောင်းသားမိဘများ၏ နှလုံးသားထဲမှ အေးမြသော ပီတိ၊ စွမ်းစွမ်းတမံလုပ်နိုင်ခဲ့သည် ဟူသည့် အောင်စိတ်ကို ဝင်ရောက်ကြည့်ရှုစေလိုပါသည်။ ထိုကျောင်းသည်ကား မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅)အထက်တန်းကျောင်းတော်ကြီးပင် ဖြစ်ပါတော့သည်။

**စောချိုသာ**

## ကျောင်းစာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်များတွင် စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ဇွန် ၂၈ ရက် နံနက်ပိုင်းက မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ထားရှိသော ကျောင်းစာကြည့်တိုက်သို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်၌ စာပေလေ့လာဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းစာကြည့်တိုက်အတွင်း လေဝင်လေထွက်ကောင်းမွန်မှုရှိ၊ မရှိနှင့် သန့်ရှင်းသပ်ရပ်မှုရှိ၊ မရှိ စာဖတ်စားပွဲနှင့် ပရိဘောဂပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးစဉ် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းအိဖြူက ကျောင်းစာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနှုန်းမြင့်မားရေးနှင့် စာဖတ်သည့် အလေ့အကျင့်များရရှိစေရန် စာဖတ်ချိန်စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ ကျောင်းစာကြည့်တိုက်လုပ်ငန်းအား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် လုပ်ငန်းကိစ္စများကို ရှင်းလင်းတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၄၅)**



# နိုင်ငံတကာ အားကစား သတင်းများ

## ကယ်လီမန်းအား ချဲလ်ဆီးအသင်း ခေါ်ယူ



**လန်ဒန် ဇွန် ၃၀**

ချဲလ်ဆီးအသင်းသည် အက်စတွန်ဗီလာအသင်း အကယ်ဒမီထွက် ကွင်းလယ်ကစားသမား ကယ်လီမန်းအား ၆နှစ် + အပိုတစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အက်စတွန်ဗီလာအသင်းကြီးတွင် ပြီးခဲ့သည့် ဘောလုံးရာသီကမှ စတင်ကာ ပွဲထွက်ကစားခွင့်ရရှိပြီး ပြိုင်ပွဲ ခြောက်ပွဲကစားထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကယ်လီမန်းက ကျွန်တော် ချဲလ်ဆီးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ချဲလ်ဆီးအသင်းလို သမိုင်းကြောင်းကြီးကျယ်တဲ့ အသင်းတစ်သင်းမှာ ကစားခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် ဒီအသင်းနဲ့အတူ ပါဝင်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ လာမည့် ဘောလုံးရာသီမှာလည်း ဒီအသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသွားလိုပါတယ်ဟု ပြောသည်။ **(အပေါ်ဝဲပုံ) (NGB)**

## လိုဘော့တာအား ခေါ်ယူရန် လီဗာပူးအသင်း စိတ်ဝင်စား

**လီဗာပူး ဇွန် ၃၀**

လီဗာပူးအသင်းသည် နာပိုလီအသင်းနှင့် ဆလိုဗက်ကီးယားအသင်း ကွင်းလယ်ကစားသမား လိုဘော့တာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နာပိုလီအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၃ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း ဆလိုဗက်ကီးယားအသင်းနှင့်အတူ ခြေစွမ်းပြထားခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နာပိုလီအသင်းကလည်း လိုဘော့တာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် နာပိုလီအသင်းထံမှ လိုဘော့တာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့် ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



### ဘောလုံးသတင်း အတိုအထွာများ

* စီးရီးအေတန်းတက်ကလပ် ကိုမိုအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဝါရင့်နောက်ခံကစားသမား ဗာရန်းအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
* စပိန်လာလီဂါကလပ် ဂျီရိုနာအသင်းသည် ဘရာဇီးအသင်းတိုက်စစ်မှူး အေဘယ်ရူးအစ်အား ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(NGB)**

## 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Alejandro Tabilo တက်ရောက်



**မာယော့ကာ ဇွန် ၃၀**

စပိန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ချီလီတင်းနစ်ကစားသမား Alejandro Tabilo တက်ရောက်ခဲ့သည်။

အဆိုပါ ချီလီတင်းနစ်ကစားသမား Alejandro Tabilo သည် 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Gael Monfils အား ၂-၆၊ ၆-၂၊ ၇-၆ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ချီလီတင်းနစ်ကစားသမား Alejandro Tabilo နှင့် သြစတြီးယားတင်းနစ်ကစားသမား Sebastian Ofner တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ခဲပုံ) (NGB)**

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ

**နိုင်ကမ္ဘာ**

### (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ

**ပြင်သစ် - ဘယ်လ်ဂျီယံ**

ဇူလိုင် ၁ ရက် (တနင်္လာနေ့) ည ၁၀း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၁၉၈၁ ပြင်သစ် ၃-၁ ဘယ်လ်ဂျီယံ ၂-၀ ပြင်သစ် (ကမ္ဘာ့ဖလား ၈၂ ခြေစစ်ပွဲ)

၁၆-၆-၁၉၈၄ ။ ၅-၀ ။ (ယူရို ၈၄ အုပ်စု)

၂၀-၆-၁၉၈၆ ။ ၂-၂ ။ (ကမ္ဘာ့ဖလားဖလား တတိယနေရာလုပွဲ)

(အချိန်ပိုတွင် ၂-၀ ဖြင့် ပြင်သစ်နိုင်)

၁၁-၇-၂၀၁၈ ပြင်သစ် ၁-၀ ဘယ်လ်ဂျီယံ (ကမ္ဘာ့ဖလား ၂၀၁၈ ဆီမီး)

၈-၁၀-၂၀၂၁ ဘယ်လ်ဂျီယံ ၂-၃ ပြင်သစ် (UEFA နေရှင်းလိဂ် ဆီမီး)

**နှစ်သင်း၏ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | | | | |
|---|---|---|---|---|---|
| သြစတြီးယား ၀-၁ ပြင်သစ် | | | ဘယ်လ်ဂျီယံ ၀-၁ ဆလိုဗက်ကီးယား | | |
| နယ်သာလန် ၀-၀ ပြင်သစ် | | | ဘယ်လ်ဂျီယံ ၂-၀ ရိုမေးနီးယား | | |
| ပြင်သစ် ၁-၁ ပိုလန် | | | ယူကရိန်း ၀-၀ ဘယ်လ်ဂျီယံ | | |

အုပ်စု(ဃ) ဒုတိယ ပြင်သစ်နှင့် အုပ်စု(င) ဒုတိယ ဘယ်လ်ဂျီယံတို့၏ပွဲတွင် အစဉ်အလာအရ ပြင်သစ်က အသာရနေသော်လည်း အသင်းကြီးနှစ်သင်း ဆုံတွေ့မှုဖြစ်၍ ပွဲချိန်အတွင်း သရေကျကာ အချိန်ပို၊ ပင်နယ်တီအထိ ကြည့်ရနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက လက်ရှိခြေစွမ်းအရ ပြင်သစ်တို့ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ပြင်သစ်- နိုင်၊ သရေ၊ နိုင်၊ သရေ၊ သရေ ဘယ်လ်ဂျီယံ- နိုင်၊ နိုင်၊ ရှုံး၊ နိုင်၊ သရေ

**ပေါ်တူဂီ - ဆလိုဗေးနီးယား**

ဇူလိုင် ၂ ရက် (အင်္ဂါနေ့) နံနက် ၀၁း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၂၇-၃-၂၀၂၄ ဆလိုဗေးနီးယား ၂-၀ ပေါ်တူဂီ (ခြေစမ်းပွဲ)

**နှစ်သင်း၏ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | |
|---|---|
| ပေါ်တူဂီ ၂-၁ ချက် | ဆလိုဗေးနီးယား ၁-၁ ဒိန်းမတ် |
| တူရကီယဲ ၀-၃ ပေါ်တူဂီ | ဆလိုဗေးနီးယား ၁-၁ ဆားဘီးယား |
| ဂျော်ဂျီယာ ၂-၀ ပေါ်တူဂီ | အင်္ဂလန် ၀-၀ ဆလိုဗေးနီးယား |

အုပ်စု(စ) ပထမ ပေါ်တူဂီနှင့် အုပ်စု(ဃ)တတိယ ဆလိုဗေးနီးယားအသင်းတို့ပွဲတွင် ခြေစွမ်းပိုင်းအရ ကွာဟချက်ရှိနေ၍ ပေါ်တူဂီတို့ ပြတ်သားစွာအနိုင်ရမည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ပေါ်တူဂီ- ရှုံး၊ နိုင်၊ နိုင်၊ နိုင်၊ ရှုံး ဆလိုဗေးနီးယား- နိုင်၊ သရေ၊ သရေ၊ သရေ၊ သရေ

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)

**နိုင်ကမ္ဘာ**

### အုပ်စု(ဂ)နောက်ဆုံးပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် – အမေရိကန် ၂-၀ ဘိုလီးဗီးယား ဥရုဂွေး ၃-၁ ပနားမား

ပွဲစဉ်(၂)ရလဒ် – ပနားမား ၂-၁ အမေရိကန် ဥရုဂွေး ၅-၀ ဘိုလီးဗီးယား

### အုပ်စု(ဂ)အမှတ်ပေးဇယား

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဥရုဂွေး | ၂ | ၂ | - | - | ၈ | ၁ | +၇ | ၆ |
| ၂ | အမေရိကန် | ၂ | ၁ | - | ၁ | ၃ | ၂ | +၁ | ၃ |
| ၃ | ပနားမား | ၂ | ၁ | - | ၁ | ၃ | ၄ | -၁ | ၃ |
| ၄ | ဘိုလီးဗီးယား | ၂ | - | - | ၂ | - | ၇ | -၇ | - |

**ဘိုလီးဗီးယား - ပနားမား**

ဇူလိုင် ၂ ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီ

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

၇-၆-၂၀၁၆ ပနားမား ၂-၁ ဘိုလီးဗီးယား (ကိုပါ အမေရိကဖလား အုပ်စု)

၂၈-၈-၂၀၂၃ ဘိုလီးဗီးယား ၁-၂ ပနားမား (ခြေစမ်းပွဲ)

ယခုပွဲတွင် ပနားမားတို့ သေချာပေါက်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ဘိုလီးဗီးယား- ရှုံး၊ ရှုံး၊ ရှုံး၊ ရှုံး၊ ရှုံး ပနားမား- နိုင်၊ နိုင်၊ ရှုံး၊ ရှုံး၊ နိုင်

**အမေရိကန် - ဥရုဂွေး**

ဇူလိုင် ၂ ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီ

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

၂-၅-၁၉၆၃ အမေရိကန် ၀-၂ ဥရုဂွေး (ပန် အမေရိကအားကစားပြိုင်ပွဲ အုပ်စုပတ်လည်)

၁၃-၅-၂၀၀၂ ။ ၂-၁ ။ (ခြေစမ်းပွဲ)

၁၁-၉-၂၀၁၉ ။ ၁-၁ ။ (ခြေစမ်းပွဲ)

၆-၆-၂၀၂၂ ။ ၀-၀ ။ (ခြေစမ်းပွဲ)

လက်ရှိခြေစွမ်းအရ ဥရုဂွေးက အပြတ်သာနေသော်လည်း အိမ်ရှင် အမေရိကန်ကို လက်တွဲခေါ်နိုင်ဖွယ်ရှိနေ၍ အနိုင်၊ အရှုံးအဖြေမှာ ဥရုဂွေးအပေါ်၌သာရှိနေသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

အမေရိကန်- နိုင်၊ ရှုံး၊ သရေ၊ နိုင်၊ ရှုံး ဥရုဂွေး- ရှုံး၊ သရေ၊ နိုင်၊ နိုင်၊ နိုင်



## အောင်မြေသာစံခရိုင်စုပေါင်းရုံးသစ်တွင် ဘုရားအနေကဇာတင် ပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူကြည်ညို

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံးသစ်တွင် ဘုရားအနေကဇာတင် ပူဇော်ပွဲနှင့်အန္တရာယ်ကင်းပရိတ်တရားနာယူကြည်ညိုပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက အဆိုပါ စုပေါင်းရုံးသစ်တွင်ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သံဃာနာယကအဖွဲ့ ရှေ့ကျောင်းဥက္ကဋ္ဌ၊ ရွှေကျောင်းတိုက်မကြီး ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တထုတိဝရ၊ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကထိန်တော်ကျောင်းဆရာတော်ဘဒ္ဒန္တပညာသိရီဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်ကိုးပါးတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြသည်။

ထို့နောက် ရွှေကျောင်းတိုက်မကြီးဆရာတော်ထံမှ ဧည့်ပရိတ်သတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ဆက်လက်၍ လှူဖွယ်ပစ္စည်းများကပ်လှူကြကာ ရေစက်ချတရား နာယူကြပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။

အခမ်းအနားသို့ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေနှင့် ဇနီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့်မဟာ့ရာမြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြကြောင်း သိရသည်။

(အပေါ်ပုံ)
(၀၉၃)

၀-၀-၀-၀-၀-၀

## သွေးလွန်တုပ်ကွေးကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ပင်းတယ ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ ရွာသစ်ရပ်ကွက်ရှိ နေအိမ်များ၌ ၂၀၂၄ ခုနှစ် မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးရောဂါရရှိစေမည့် ခြင်ပေါက်ဖွားလာနိုင်သည့် ပိုးလောက်လန်းနှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့်အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။



အဆိုပါလုပ်ငန်းများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့ကြည်နှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ရပ်ကွက်အတွင်း နေအိမ်များတွင် အသုံးပြုသော ရေတွင်းရေကန်ငယ်များ သန့်ရှင်းစင်ကြယ်စေရေး၊ ရေနုတ်မြောင်းများ၌ ရှံ့နွံများဖယ်ရှားပေးခြင်း၊ ရေဆိုးရေညစ်များရှိစေမည့် တာယာ၊ ရေအိုးရေခွက်အတွင်း ရေများ သွန်ပေးခြင်းအစရှိသည့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းနှင့်ရေတွင်းရေကန်များသို့ အဘိတ်ဆေးထုပ်ခတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ၂၀၂၄ခု မိုးတွင်းကာလ၌ ဓနုဒေသ၊ ပင်းတယမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ မှီတင်းနေထိုင်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသော တိုင်းရင်းသားမိဘပြည်သူများအားလုံးတို့၏ ပတ်ဝန်းကျင် လူနေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို မိဘပြည်သူများနှင့်အတူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
(၃၃၈)

၀-၀-၀-၀-၀-၀

## ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**မန္တလေး ဇွန် ၃၀**

အမရပူရမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမရအောင်မြေခန်းမတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ (World Refrigeration Day)အထိမ်းအမှတ်အဖြစ် အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး(Temperature Matters-Absolutely) ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်စောပြည့်မွန်က အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေးအလေးထားဆောင်ရွက်ပေးခေါင်းစဉ်မှ ပရော်ဂျက်တာဖြင့် အချက် ၁၁ချက်ကို ရှင်းလင်းပြောကြားပေးခဲ့သည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က ကျောင်းအတွက် အမှိုက်ပုံးနှင့်သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဦးက လက်ခံရယူခဲ့သည်။ ဆက်လက်ပြီး အမေးအဖြေကဏ္ဍကို ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၅ ဦးမှ ပါဝင်ဖြေဆိုခဲ့ကြရာ ပါဝင်ဖြေဆိုသူ ၅ ဦး ကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
စိုးသီဟ(အမရ)






## ကိုဗစ်-၁၉ ချေးငွေ ထုတ်ယူထားသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**မန္တလေး ဇွန် ၃၀**

ကိုဗစ်-၁၉ချေးငွေထုတ်ယူထားသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၈ရက် နံနက် ၁၀နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၃ လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအစည်းအဝေးခန်းမတွင် ကျင်းပရာအသင်းဥက္ကဋ္ဌ ဦးဝင်းဌေး၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ကိုဗစ်-၁၉ ချေးငွေထုတ်ယူထားသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာက ကိုဗစ်-၁၉ ရန်ပုံငွေမှ ပြန်လည်ကောက်ခံရရှိလာမည့် ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံ၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးရန်လိုအပ်သည့်ကဏ္ဍများ၊ ပြန်လည်သုံးစွဲရန် ရည်မှန်းထားမှုများ၊ သက်တမ်း(၃)နှစ်ပြည့်ပြီး ကိုဗစ်-၁၉ရန်ပုံငွေမှ ချေးငွေရယူထားသော လုပ်ငန်းရှင်များ ၂၀၂၄ခုနှစ် ဇူလိုင် ၁ရက် မတိုင်မီ အမြန်ဆုံးအပြေအကျေ ပေးဆပ်ရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက စီမံခန့်ခွဲမှုလုပ်ငန်းအဆင့်ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်၍ ချေးငွေရယူထားပြီး ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် အလျင်အမြန်အပြေအကျေ ပြန်လည်ပေးဆပ်ရန် တိုက်တွန်းဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ဆွေးနွေးပြောကြားခဲ့သည်။(အပေါ်ဝဲပုံ) (၀၄၅)

## နိုင်ငံခြားအဝယ်မရှိသောကြောင့် ဂျင်း(ချင်း)ဈေးပြန်ကျ

**မန္တလေး ဇွန် ၃၀**

နိုင်ငံခြားအဝယ်များရပ်နားသွားသည့်အတွက် ဂျင်း(ချင်း)ဈေးများ ပြန်ကျလာသည်ဟု မန္တလေးမြို့ရှိ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဂျင်း(ချင်း)စသည့် ကုန်စိမ်းများရောင်းချသည့် ပွဲရုံလုပ်ကိုင်သူများထံက သိရသည်။ ပြီးခဲ့သော လပိုင်းက နိုင်ငံခြားအဝယ်များကြောင့် ဂျင်း(ချင်း)လက်လီဈေးတစ်ပိဿာလျှင် ငွေကျပ်တစ်သောင်းကျော်ဝန်းကျင်ထိ ဈေးတက်ခဲ့ပြီး ယခုအခါ နိုင်ငံခြားအဝယ်ရပ်နားထားသောကြောင့် ဈေးအနည်းငယ်ပြန်ကျလာပြီး ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် ဂျင်း(ချင်း) အမျိုးအစားနှင့် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၄၅၀၀ မှ ၅၅၀၀ ဝန်းကျင်ပေါက်ဈေးရှိသည်။

"ဂျင်း(ချင်း)ကပေါ်ကာစမှာ ထားလို့မရဘူး၊ နေ့ချင်းပုပ်တာ၊ ဂျင်း(ချင်း)က အပွေးတက်ပြီး ထားလို့ရလာပြီဆိုရင် ဂျင်း(ချင်း)ကကောင်းပြီ၊ အဲ့အချိန်ဆိုရင် နိုင်ငံခြားဘက်က ဝင်ဆွဲတော့ ဂျင်း(ချင်း)က ဈေးထောင်တက်သွားပါပြီ။ အဓိကတော့ ဘင်္ဂလားဒေ့ရှ်ဘက်က ဝယ်ကြတာ၊ သူတို့ဝယ်ယူအားကလည်းများတာကြောင့် ဈေးကတက်လာတယ်၊ တစ်ပိဿာ ရှစ်ထောင်ကျော်ထိ တက်လာတယ်။

လက်လီသမားတွေကြတော့ သူတို့ကလည်း ပွဲရုံကနေ တစ်ပိဿာငွေကျပ် ၈၅၀၀၊ ၉၀၀၀ ဝယ်ရတော့ ဒီကိုလာရတဲ့ ဆီဖိုးတွေရှိတယ်။ ဂျင်း(ချင်း)က နေ့ချင်းကို အလေးချိန်က လျော့သွားသေးတာ ရှိသေးတယ်လေ" ဟု ဂျင်း(ချင်း)၊ ကြက်သွန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိရောင်းချသော ဂျင်း(ချင်း)အများစုသည် ရှမ်းပြည်တောင်ပိုင်း၊ အောင်ပန်းဂျင်း(ချင်း)များဖြစ်ကျပြီး ပြင်ဦးလွင်၊ နောင်ချိုု၊ ကျောက်မဲဒေသထွက် ဂျင်း(ချင်း)များလည်းရှိသော်လည်း အထွက်နည်းပြီး အမျိုးအစားကွာခြား သည်။ ယခုအချိန်သည် ဂျင်း(ချင်း)၏ ဥမပေါ်သည့်အချိန် ဖြစ်သောကြောင့် ဂျင်း(ချင်း)ဈေး စကျနေပြီး သီတင်းကျွတ်ကာလသည် ဂျင်း(ချင်း)ဈေး အကျဆုံးဖြစ်သော်လည်း နိုင်ငံခြားအဝယ်ရှိ၊ မရှိ ပေါ်မူတည်ကာ ဈေးအတက်အကျရှိနိုင်သည်ဟု သိရသည်။

(မန္တလေးနေ့စဉ်-၅)

# အင်းဝရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ပြည်ပခရီးသွားဝင်ရောက်မှု ယမန်နှစ်ထက် များပြား

**မန္တလေး ဇွန် ၃၀**

နိုင်ငံခြားသားတစ်ဦးလျှင် ရှေးဟောင်းဒေသဇုန် ဝင်ကြေး တိုးမြှင့်ကောက်ခံသော်လည်း မန္တလေးတိုင်းဒေသကြီးအတွင်း ရှိ အင်းဝရှေးဟောင်းယဉ်ကျေးမှု ဒေသသို့ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယခင်နှစ်များထက် ထက်ဝက်နည်းပါး ပိုမိုများပြား လာကြောင်း သိရသည်။

အင်းဝဒေသတွင် ယခုရာသီ အချိန်မှာ ပုံမှန်ဆိုပါက ပြည်ပ ခရီးသွားဝင်ရောက်မှုနည်းပါးသော်လည်း ယခုနှစ်တွင် ယခင်က ထက် ပိုမိုများပြားလာသည်ဟု ရှေးဟောင်းသုတေသနနှင့် အမျိုး သား ပြတိုက်ဦးစီးဌာန(အင်းဝ ဌာနခွဲ)မှ တာဝန်ရှိသူက ပြော သည်။

"နေ့စဉ် အင်းဝဒေသဝင်ရောက် လာတဲ့နိုင်ငံခြားသားဧည့်သည်တွေ ရဲ့ ဇုန်ဝင်ကြေးရငွေကို ဘဏ် မှာ အပ်နှံရပါတယ်။ ဒီစာရင်း တွေအရကြည့်ရင် ခုလိုရာသီမှာ အရင်နှစ်က နည်းတယ်။ ဒီနှစ် မှာ ဇုန်ဝင်ကြေးလည်း တိုးမြှင့် ကောက်ခံပေမယ့် လာရောက်တဲ့ နိုင်ငံခြားဧည့်သည် များလာတာ တွေ့ရတယ်"ဟု ၎င်းက ပြော သည်။

ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ ပြည်ပခရီးသွား ဝင် ရောက်ခြင်းအတွက် နိုင်ငံခြားသား တစ်ဦးလျှင်ဝင်ကြေးအဖြစ် ယခင် က ငွေကျပ် ၁၀၀၀၀ ကောက်ခံ ခဲ့ရာမှ ၂၀၂၃ခုနှစ် အောက်တို ဘာမှစတင်၍ ငွေကျပ် ၁၅၀၀၀ အထိ တိုးမြှင့်ကောက်ခံနေပြီး၊ တစ်ရက်လျှင် ပြည်ပခရီးသွား



ဧည့်သည် ၇၀ ဝန်းကျင်အတွက် ဝင်ကြေး ကောက်ခံရရှိသဖြင့် ခရီးသွားဝင်ရောက်မှုဦးရေကို သိရှိနိုင်သည်ဟု ဆိုသည်။

"တစ်ရက်ကို ၆၀ ကျော် ၇၀ အတွက် ဘဏ်ကို တစ်ပတ် တစ်ခါ ငွေအပ်နှံနေရပါတယ်။ ဒါက ဝင်ကြေးတိုးမြှင့်ကောက်ခံ ပေမယ့်လည်း ဒီစာရင်းအရ မနှစ် ကထက် ခရီးသွားဝင်ရောက်မှု များလာတယ်လို့ ပြောရမယ်။ ဝင်ကြေး ငွေကျပ် ၁၅၀၀၀ က အင်းဝဒေသကို တစ်ရက်တာ ဝင်ရောက်လေ့လာခွင့်ရှိပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များသည် အင်းဝဒေသ ရှိ ရှေးဟောင်းအမွေအနှစ်များ ဖြစ်သော ဗားကရာကျောင်း၊ မယ် နုအုတ်ကျောင်း၊ လေးထပ်ကြီး ကျောင်း၊ ရွှေစည်းခုံ၊ လောက သရဖူဆင်ကျွန်းခံတပ်နှင့် ညောင် ရမ်းဘုရားစုများဖြစ်သော ကြောင် လိမ်၊ ဝက်ဘာ၊ လောကသုတ္တ မာန်အောင် စသည့်နေရာများသို့ အသွားအလာ များပြားကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)



# (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကြိုဆို၊ YGW သို့ အလှူငွေလှူဒါန်း၊ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မန္တလေး ဇွန် ၃၀**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုလီမိ တက်တို့ပူးပေါင်း၍ ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၁၀၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ချမ်းမြသာစည် မြို့နယ်၊ ၅၈လမ်းရှိ အဝါရောင် မျိုးဆက်သစ်လူငယ်ပရဟိတ ကျောင်းသို့ အလှူငွေလှူဒါန်းခြင်း နှင့် စုပေါင်းသန့်ရှင်းရေးဆောင် ရွက်ခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက ပြုလုပ်ကြသည်။

ရှေးဦးစွာ ခရိုင်သမဝါယမ ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးကျော်ဆန်းလင်း၊ မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်ဖြူ ဖြူစု၊ မြို့နယ်သမဝါယမအသင်းစု လီမိတက်ဥက္ကဋ္ဌ ဦးအောင်သူရ နှင့်ဝန်ထမ်းများက ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍညထံသို့ နဝကမ္မ အလှူငွေကျပ် နှစ်သိန်း ကပ်လှူ ကြပြီး ကျောင်းအတွင်း စုပေါင်း သန့်ရှင်းရေးကို တပျော်တပါး ဆောင်ရွက်ကြကြောင်း သိရ သည်။

(အပေါ်ပုံ)

(၀၉၃)

# ဗန်းမောက်မြို့နယ်၌ မိုးစပါးများ စိုက်ပျိုးရန် လယ်ယာမြေများကို ထွန်ယက်

**ဗန်းမောက် ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ် တွင် မြို့အနီးအနားပတ်ဝန်းကျင် ရှိ လယ်ယာမြေများနှင့် ကျေးလက် ဒေသအချို့ရှိ လယ်ယာမြေများ ကို ယခုအခါ မိုးစပါးများ စိုက် ပျိုးရန် ထွန်ယက်နေကြပြီ ဖြစ် သည်။

ယခုနှစ် မေလအတွင်းနှင့် ဇွန်လပထမပတ်အတွင်းမှစ၍ ရွာသွန်းခဲ့သောမိုးကြောင့် လယ် ယာမြေများတွင် ရေများ အလုံ အလောက်ရရှိလာခဲ့သဖြင့် မိုး စပါးမျိုးများကို ကဆုန်လပြည့် ကျော်တွင် ကြဲပက်ပြီး ယခုအခါ ပျိုးသက်ရရှိလာပြီဖြစ်၍ စိုက်ပျိုး ရန်အတွက် လယ်ယာမြေများကို ထွန်စက်များ၊ နွားများနှင့် ကျွဲ များကို အသုံးပြုထွန်ယက်ကာ တစ်ရက်လျှင် ထွန်စက်ဖြင့် ထွန် ယက်ပါက သုံးဧက ထွန်ယက် ပြီးစီးပြီး ကျွဲ၊ နွားများဖြင့် ထွန်ယက်ပါက တစ်ဧကသာ ထွန်ယက်ပြီးစီးသဖြင့် တောင်သူ အများစုမှာ ထွန်စက်ကို အသုံး ပြု၍ ထွန်ယက်ကြသော်လည်း စိုက်ပျိုးစရိတ်သက်သာလာစေရန် အတွက် အချို့သောကျေးလက်နေ တောင်သူများမှာ ရိုးရာမပျက် ကျွဲ၊ နွားများကိုသာ အသုံးပြု ထွန်ယက်ကြကြောင်း သိရ သည်။

"ကျွန်တော်တို့က စပါးစိုက် ပျိုးရဖို့အထိဆိုရင် သုံးကြိမ် လောက် သမန်းပြန်တဲ့အထိ ထွန် ယက်ရတယ်၊ ဟိုတုန်းကတော့ ကျွဲ၊ နွားတွေနဲ့ ထွန်ယက်တော့ စရိတ်စက သက်သာတာပေါ့၊ အခုတော့ ခေတ်နဲ့အညီ ထွန်စက် နဲ့ထွန်ယက်တာပဲ၊ တစ်ရက်ကို နားနားနေနေ ထွန်ယက်တာ၊ သုံးဧကလောက်တော့ပြီးတယ်၊ တချို့တောင်သူတွေက အခုထိ ရိုးရာမပျက် စရိတ်သက်သာအောင် ကျွဲ၊ နွားတွေနဲ့ ထွန်ယက်ကြ တုန်းပါ၊ ဒီလယ်ယာမြေကွက် တွေ ထွန်ယက်ပြီးရင် စိုက်တော့ မှာပါ၊ ပျိုးသက်ကလည်း ရလာ ပြီလေ၊ ဒီနှစ်ကတော့ စပါးစိုက် ပျိုးရတာ တွက်ခြေကိုက်ပါ့မလား မသိဘူး၊ ဒီဇယ် တစ်ဂါလန်ကို ငွေကျပ် ၃၅၀၀၀ အထိ မြင့် တက်လာနေတယ်၊ ဒီအထဲ စိုက် ပျိုးခ၊ ရိတ်သိမ်းခြွေလှေ့ခတွေနဲ့ ဆိုရင် စပါးဈေးကောင်းပါမှ ကိုယ့်အတွက်ကျန်မှာပါ"ဟု ဗန်း မောက်မြို့နေ တောင်သူ ဦးရဲမြင့် အောင်က ပြောသည်။



ဗန်းမောက်မြို့နယ်အတွင်းရှိ လယ်ယာမြေများတွင် မြို့နယ်နေ ပြည်သူများ အဓိကစားသုံးကြ သော အထွက်နှုန်းကောင်းသည့် စပါးများကိုသာ စိုက်ပျိုးကြပြီး ကောက်ကြီးစပါး၊ ဧောရှုတ်စပါး၊ လုံးသွယ်မွှေးစပါး၊ ပေါ်ဆန်းမွှေး စပါး၊ ဧည့်မထစပါးနှင့် မုန့်ပဲ သရေစာ စားသုံးရန်အတွက် ကောက်ညှင်းစပါး အနည်းငယ် တို့ကိုလည်း စိုက်ပျိုးကြပြီး စပါး စိုက်ပျိုးမြေဧက ၄၀၀၀၀ ကျော် ရှိကြောင်း ဗန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးထံက သိရသည်။ (ဝဲပုံ)

(၅၀၃)




# နှလုံးကျန်းမာရေးဟောပြော၊ လူနာများအား အခမဲ့ ကျန်းမာရေးဆွေးနွေး

**မန္တလေး ဇွန် ၃၀**

နှလုံးကျန်းမာရေးဟောပြော ခြင်းနှင့် လူနာများအား အခမဲ့ ကျန်းမာရေးဆွေးနွေးပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၃လမ်း၊ ၆၇လမ်းနှင့်၆၈လမ်း ကြားရှိ Hotel Sakura Prin-ess ရှိ Cherry Ball-room တွင် ကျင်းပသည်။

ကျန်းမာရေးဟောပြောပွဲသို့ မန္တလေးဆေးရုံကြီးနှင့် ပုဂ္ဂလိက ဆေးရုံများမှ ဆရာဝန်များ၊ နှလုံး ရောဂါ ကုသမှုခံယူနေသော လူနာ များ၊ ကျန်းမာရေးစိတ်ဝင်စားသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မလေးရှား နိုင်ငံ Institut Jantung Ne-gara မှ နှလုံးသွေးကြောခွဲစိတ် ကု ပညာဌာနမှ နှလုံးသွေးကြော ခွဲစိတ်ဆရာဝန်ကြီး DATUK Dr. SHAIFUL AZMI BIN YAHAYA က လူခန္ဓာကိုယ် တွင် နှလုံးအရေးပါပုံ၊ နှလုံး ဆောင်ရွက်ချက်၊ နှလုံးရောဂါ ဖြစ်စေသောအကြောင်းရင်းများ၊ နှလုံးရောဂါကင်းဝေးရေး စား သောက်နေထိုင်မှုပုံစံများနှင့် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားပါက ကုသနည်းများနှင့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး နှလုံးရောဂါကုသမှု ဌာန ပူးပေါင်းဆောင်ရွက်ခဲ့မှု များကို ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ နှလုံးသွေး ကြော ခွဲစိတ်ဆရာဝန်ကြီး Dr. Soo Kok Wai က နှလုံးကျန်း မာရေးဆိုင်ရာများ ဟောပြောပြီး နှလုံးရောဂါ ကုသမှု ခံယူနေသူ များ၏ မေးမြန်းမှုများကို ပြန် လည် ဆွေးနွေးဖြေကြားပေးခဲ့ ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## ဝတ္ထုတိုကဏ္ဍ




"နေပါစေအမရယ် အိမ်မှာ ကျွန်တော့်ကို ချစ်လွန်းလို့ ကျွန်တော့်အမေကိုသူ့အမေအရင်းလို မရှံ့မရှာ ပြုစုနေရှာတဲ့ကျွန်တော့်မိန်းမရှိတယ်ဗျ"

"ဟင် ဘာဆိုင်လို့လဲ မမကလမ်းကြုံတုန်း ငါ့မောင်ပျော်စေချင်လို့ပါ"

"မလုပ်ပါနဲ့အမရယ် ဆိုင်တာပေါ့ ကျွန်တော့်ကိုချစ်တဲ့မိန်းမအပေါ် ကျွန်တော် သစ္စာစောင့်ရမယ်လေ"

ဤစကားမျိုးကို သူ့ဆီကမကြာခဏကြားဖူးသော်လည်း လှမောင်အမှုမဲ့ အမှတ်မဲ့သာ "ဒီကောင်အတော် အ,တဲ့ကောင်"ဟုအမြဲတွေးနေခဲ့၏ မိုးလည်းစဲသွားလေပြီ အတွေးထဲနစ်မြောလျက် မောင်မြင့်မျက်နှာကို စိုက်ကြည့်နေမိရာ မောင်မြင့်၏အမေးစကားကြောင့် မိုးကြိုးပစ်သလား ထင်မိအောင် လူကဆတ်ကနဲ တုန်လှုပ်သွားမိသည်။

"သြော်ဒါနဲ့ ဆရာ့အမေကြီး ဘယ်သွားလဲ မတွေ့တာ အတော်ကြာပြီ ကန်တော့ပါရဲ့ ကွယ်လွန်များသွားတာလား ကျွန်တော်လဲမသိလိုက်ရလို့ မေးမယ် မေးမယ်နဲ့ မမေးဖြစ်တာပါဆရာ"

"အမ် အင်း ဟိုဟို ရွာက အဒေါ်တွေဆီ သွားနေတာပါ။ ကဲမိုးတိတ်ပြီ ကြမ်းတုံးတွေဖြုတ်ကွာ သွားရအောင်"

အယောင်ယောင်အမှားမှားဖြေရင်း ကားထွက်ရန်စက်နှိုးလိုက်၏။ မောင်မြင့်၏ နောက်ဆက်တွဲစကားများကိုတော့ မကြားဟန်ဆောင်ကာ ကားကို မောင်းထွက်လိုက်လေသည်။ ရှေ့မြင်ကွင်းကား စောစောကလောက်အမှောင်ရိပ်များမရှိတော့သော်လည်း မိုးဖွဲကလေးများ ကျနေဆဲပင်။

"ဟုတ်လား၊ သိပါဘူး ဟိုတစ်ခါ ဆရာပြောတော့ဆရာတို့မှာ ဘယ်အမျိုးအဆွေမှမရှိဘူးဆိုလို့မေးကြည့်တာပါ"။ အမှန်တော့ လှမောင်မိန်းမ၏ ယုတ်မာမှုကြောင့် သူ့အမေကြီးကို ဟိုင်းဝေးလမ်းတစ်နေရာသို့ သွားပစ်ခဲ့သည်ဟူသောသတင်းများမှာသဲ့သဲ့မျှပျံ့နေပြီး အချို့ကလည်း လှမောင်အမေကြီး မေတ္တာစမ်းရေ ဘိုးဘွားမေ့မှ ရိပ်သာရောက်သွားပြီး ခြောက်လလောက်အကြာမှာ ဆုံးသွားကြောင်း သူ့မိန်းမသိသော်လည်း လှမောင်ကို အသိမပေးဘဲ ထိန်ဝှက်ထားကြောင်း မောင်မြင့်ကြားပြီးဖြစ်သည်။ ကားကြီးကို သတိနှင့်မောင်းနေရင်း မိုးမှုန်မိုးမွှားလေးများအကြား၌ ရိပ်သာလိုက်ပို့စဉ်က အမေ့မျက်နှာကို မြင်ယောင်နေမိတော့သည်။

×××××××××××××××××××

တစ်လမ်းလုံးမိုးစိုလာသော အဝတ်များကို လဲဝတ်မနေတော့ဘဲ ညောင်တုန်းဂိတ်သို့ အချိန်မီရောက်ရန်သာ စိတ်စောကာ ကားကို ဂရုတစိုက် ဖွတ်မောင်းခဲ့လေသည်။ ကားအပ်ပြီး လူက ပူစပ်စပ်ဖြစ်လာကာအိမ်အရောက်၌ လန်းသွားအောင် သူ့မိန်းမက ရေအရင်ချိုးခိုင်းသဖြင့် အမြန်ချိုးပစ်လိုက်သည်။ ညပိုင်းတွင် ထမင်းပင် မစားနိုင်အောင် အပြင်းဖျားလေတော့သည်။ တစ်ညလုံး ဂယောင်ဂတမ်းဖြင့် သူ့တစ်ကိုယ်လုံးလေထဲလွင့်နေသကဲ့သို့ ခံစားရလေသည်။ နံနက် ၉ နာရီခန့်မှ ချွေးများ ရွှဲနစ်နေလျက်လန့်နိုးလာသည်။ ဤလိုအချိန်တွင် ဟိုယခင် အမေရှိစဉ်က ပုံရိပ်များကို မြင်ယောင်လာမိသည်။

"သားထထ ဒီငန်းဆေးလေးသောက်လိုက် ငါ့သားက အပူရှပ်တတ်တယ်။ ဒါလေးသောက် အစာလေးစားပြီး ပြန်အိပ်လိုက် ခဏနေ ချွေးထွက်ပြီးသက်သာသွားမှာ ဥုံဖွဘုရားဆေး တရားဆေး သံဃာ့ဆေး"

"အမေ ....."အယောင်ယောင်အမှားမှား လန့်အော်လိုက်သည့်အသံကြောင့် သူ့သားနှစ်ယောက် အပြေးဝင်လာကြ၏။

"အဖေအဖေ ဘာဖြစ်တာလဲ ရေသောက်မှာလား အမေတော့မရှိဘူး ဒေါ်စိုးတို့အိမ်သွားတယ်"

"အင်း- - - ဒင်း ချဲသွားထိုးရင်း ဖဲဝိုင်းဝင်ထိုင်နေတာနေမှာ"ဟုတွေးရင်း အိပ်မက်လိုလိုကြားမိခဲ့သောအမေ့အသံများနှင့် လမ်း၌ မောင်မြင့်၏ သူ့အမေအပေါ်ထားသော မေတ္တာကရုဏာ စကားများကိုတွေးရင်း လူကနုံးချည့်နေသဖြင့် အိပ်ရာပေါ် အသာပြန်မှိန်းနေလိုက်သည်။

"အကိုရေ အဖေပြန်အိပ်သွားပြီ အဖေလဲ အဘွားလိုဖြစ်ပြီထင်တယ်။ ဒေါ်မြရင်ပြောသလို အဖေ့ကိုလဲ အဘွားကိုပို့တဲ့ဆီ ငါတို့ဘယ်နေ့ပို့ရမလဲ မသိဘူးနော်"

ဟမ် - - မဟုတ်ဘူး မဟုတ်ဘူး ငါမသွားဘူး "အိမ်ပြင်သို့ထွက်သွားကြည့်ရင်း သားငယ်လေးနှစ်ယောက်ပြောနေကြသော စကားများကိုကြားကာ ဂယောင်ခြောက်ခြားထအော်မိလေသည် အမေ့ကို ရိပ်သာပို့ဖို့လမ်းညွှန်ခဲ့သည့်ဒေါ်မြရင် ငါ့သားလေးတွေကို ဘာတွေသင်ပေးလိုက်တာလဲ"ဟု အထိတ်တလန့်တွေးကာ အိပ်ရာမှထထိုင်လိုက်မိလေသည်။ ငါမှားပြီ ငါမှားပြီဟုလည်း အရူးတစ်ယောက်လို ပါးစပ်က တတွတ်တွတ်ရွတ်နေမိ၏။

"အမေ အမေ အဖေလဲ အဘွားလိုဖြစ်နေပြီ အဘွားဆီ ဘယ်နေ့ပို့ရမှာလဲဟင်"

"ဟဲ့ ဘာတွေလာပြောနေကြတာလဲ နင်တို့အဖေသက်သာလား" အိမ်ပေါက်ဝမှ သန်းမြင့်အသံကို ကြားလိုက်ရ၏။ လှမောင်လွယ်အိတ်ထဲသို့ အဝတ်တစ်စုံအမြန်ထည့်ကာ ညကသန်းမြင့်ကို မအပ်ရသေးသော ပိုက်ဆံများထဲမှ တစ်ဝက်တိတိကို လွယ်အိတ်ထဲ ထိုးထည့်လိုက်သည်။ ပြားကပ်နေသော ပိုက်ဆံအိတ်ကလေး ချိုင်းကြားညှပ်ကာ ပြာယာပြာယာနှင့်ဝင်လာသော မသန်းမြင့်က လှမောင်ကိုကြည့်ကာ ဦးစွာငေါက်လေသည်။

"နေမကောင်းဘူးဆို ဒါကဘယ်တုန်း ညက လဲ ပိုက်ဆံတွေတစ်ပြားမှရှာမတွေ့ဘူး ဘယ်မယားပေးထားခဲ့တုန်း"

"ရော့ နင်သိပ်မက်တဲ့ ပိုက်ဆံ မိန်းမယုတ် နင်ယုတ်မာလို့ ငါ အခုကံကြီးထိုက်နေပြီနေရစ်ခဲ့တော့ ငါတော့ အမေ့နောက်လိုက်သွားတော့မယ်"

"အမ်မယ် ကိုလှမောင် တော်ဘယ်တုန်းက ကျူပ်ကို"

"တော်တိတ် အေးဟုတ်တယ် အရင်က မပြောပေမယ့် ခုပြောပြီ အမေနဲ့မနေနိုင်ရင် ငါတို့သားအမိ ပြန်မလာခင် နင်အိမ်ပေါ်ကဆင်း ဒါ အမေ့အိမ်"

"ကိုလှမောင် တော်တကယ်ပြောနေတာလား"

"ဟုတ်တယ် ဒါငါ့အမေအိမ် ငါ့အမေ့အိမ်ပေါ်မှာနေပြီး ငါရှာသမျှပိုက်ဆံ ချဲထိုး၊ ဖဲရိုက် အမေ့ကိုတော့ခွေးကျွေးသလိုကျွေးပြီး ငါ့ကို မဟုတ်တာ အတင်းအကြပ် လုပ်ခိုင်းတယ်။ ငါတို့ပြန်မလာခင် အပြီးဆုံးဖြတ်ထား သန်းမြင့်" တစ်သက်လုံးက သူ့ကို စကားမာမာပင်ခံမပြောဘူးသော ယောက်ျား၏ ခတ်ထန်မာကြောသော အပြောများနှင့် မျက်နှာကိုကြည့်ကာ မသန်းမြင့်နှုတ်လှန်မထိုးရဲတော့ဘဲ မျက်နှာချိုချိုလေးနှင့်လေပြည်ထိုးရန် လက်မောင်းကို ကန္တဲ့ကယျလေးမှီတွဲလိုက်သည်။ လှမောင်က ခပ်ကြမ်းကြမ်းရိုက်ဖယ်ပုတ်ချလိုက်သည်။

"မရတော့ဘူးသန်းမြင့် ဟမ် ခုကြည့်စမ်း ငါတို့သားလေးတွေက အမေ၊ အဖေတွေ နေမကောင်းရင် လွှင့်ပစ်ရမယ်လို့ထင်နေကြပြီ၊ ငါ၀ဋ်လည်မှာကြောက်တယ် သန်းမြင့် မကြာဘူး နင့်ကိုလည်း နင့်သားတွေ လွှင့်ပစ်ကြလိမ့်မယ်။ ငါ့တော့ အမေ့နောက်လိုက်သွားပြီ သန်းမြင့်ရေ" ပြောပြောဆိုဆို လှမောင် အိမ်ပေါ်မှ ဆင်းသွားလေတော့သည်။ မသန်းမြင့်မှာ အနားရှိနေကြသော သားလေးနှစ်ယောက်မျက်နှာများကိုကြည့်ရင်းက ကြက်သီးများထလာကာ အိမ်ရှေ့လှေခါးရင်းက မြေကြီးများအက်ကွဲလာသည်ဟု စိတ်ကထင်နေမိတော့သည်။

## မိုးစပါး ၄၈၄၇၂ ကေ လျှာထားစိုက်ပျိုးမည်

**တပ်ကုန်း ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံများဖြစ်သည့် ဖူးစားပြောင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက် သီးနှံစုံ စိုက်ပျိုးလျက်ရှိရာ ဝမ်းစာစပါး ဖူလုံရေး မိုးစပါးများကိုလည်း စိုက်ပျိုးလျက်ရှိသည်။

တပ်ကုန်းမြို့နယ်တွင် မိုးစပါးစိုက်ခင်းများ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ မျိုးစေ့ကုန်ကျမှု သက်သာနိုင်ရေး၊ Seeder စနစ် စိုက်ပျိုးနိုင်ရေး၊ အပင်ဖြစ်ထွန်းကောင်းမွန်နိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းစိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ မိုးစပါးကို ၄၈၄၇၂ ဧကလျာထား စိုက်ပျိုးမည်ဖြစ်ပြီး ဆည်ရေသောက် လယ်မြေများအတွက် ဆင်သေဆည်ရေများကို စနစ်တကျ ရေသွယ်မြောင်းများအလိုက် ဇူလိုင် ၁ ရက်တွင် စတင်၍ ရေလွှတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)



# မဟာမြိုင် ဝန်ထမ်းအိမ်ရာမိသားစု ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၈၅)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးဖယ်ဆုပ်ချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်



လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## နွေစပါး စံကွက်ရိတ်သိမ်း တစ်ဧက စပါး(၁၂၇)တင်း ထွက်ရှိ



**သာစည် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ မင်းလှကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကွင်းအမှတ်(၁၈၄၂)၊ ဦးပိုင်အမှတ်(၁၇) တောင်သူ ဦးကိုကိုကြီး၏ နွေစပါး (GW-18) (၁ ဒသမ ၀၀) ဧကတွင် ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စံကွက်ရိတ်သိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးကြပြီး သက်ဆိုင်ရာဌာနဝန်ထမ်းများက(၁ ဒသမ ၀၀)ဧကစံကွက်ကိုရိတ်သိမ်းရာ တစ်ဧက စပါး ၁၂၇ တင်း ထွက်ရှိကြောင်း သိရသည်။ သာစည်မြို့နယ်တွင် ဗိုလ်ကုန်း၊ မြို့မနှင့် မင်းလှကျေးရွာတို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးဧက ၁၀၀ စိုက်ပျိုးထားကြောင်းနှင့် မြို့နယ်အတွင်း စုစုပေါင်း နွေစပါးစိုက်ဧက ၆၅၉ စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံက သိရသည်။ **(အပေါ်ခဲပုံ)**

**(၄၈၇)**

*-*-*-*-*

## ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်

**တံတားဦး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ 'လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့' ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ဆောင်ရွက်ပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအလိုက် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့များမှ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးလျက်ရှိပြီး ပန်းခင်းစီမံချက်ဖြင့် အကျုံးဝင်သော ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၄ ဦးအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်များဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးထံက သိရသည်။ **(အောက်ပုံ)(၄၀၉)**






တိုက်တာဆင့်ဆင့်၊
မိုးထိမြင့်လည်း
ပန်းနှင့် သစ်ပင်
မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း
စိတ်ပင်ပန်း၏။



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး


## ဖွံ့ဖြိုးသာယာ မြို့မန္တလာ

* မန္တလာမြေ၊ သာစေလော၊ သာစေလော
ကောင်းတည်း၊ တည်ခြင်း တည်ခြင်း
ကောင်းဖွယ်၊ ဂုဏ်လင်း ဂုဏ်လင်း
ကောင်းတည်း၊ မှန်ခြင်း မှန်ခြင်း။
အေးမြစိုပြည်၊ မြို့ပေ မြို့ပေ။

* မြန်ပြည်ဂုဏ်မည်၊ နန်းမူရည်
မြို့တည်ထွန်းပစေ၊ ထွန်းပစေ။

* ဝန်ထမ်းလူထု၊ စွမ်းအားစု
ကျိုးပြုဖွံ့ဖြိုးနေ၊ ဖွံ့ဖြိုးနေ။

* မြစ် ဆည် မြောင်း ကန်၊ ပေါကြွယ်ပြန်
ပေါလျှံစိုက်ပျိုးရေ၊ စိုက်ပျိုးရေ။

* သစ်ပင်တောင်တန်း၊ စိမ်းစိုလျှမ်း
ပွင့်လန်းလှဖြာဝေ၊ လှဖြာဝေ။

* စိုက်ပျိုးမြေယာ၊ ဖြစ်ထွန်းကာ
မြို့ရွာတို့အမွေ၊ တို့အမွေ။

* ရာသီထပ်လောင်း၊ နွေ မိုး ဆောင်း
လှည့်ပြောင်းချိန်မှန်ပေ၊ ချိန်မှန်ပေ။

* ထီးမူနန်းရယ်၊ ဂုဏ်ရောင်ကြွယ်
ဝင့်ထည်မျိုးမိတ်ဆွေ၊ မျိုးမိတ်ဆွေ။

* သယံဇာတ၊ ပေါကြွယ်ဝ
သာစွတို့ရေမြေ၊ တို့ရေမြေ။

* ဓမ္မတေးတွေ၊ စည်သံဝေ
ပြုပေကောင်းမှုတွေ၊ ကောင်းမှုတွေ။

* သီလစောင့်ထိန်း၊ ဒေါသငြိမ်း
မယိမ်းစိတ်အထွေ၊ စိတ်အထွေ။

* စကားသံဆို၊ သိမ်မွေ့သို
ပြုံးချိုခွန်းဖော်ရွေ၊ ခွန်းဖော်ရွေ။

* မြို့နေလူထု၊ ကောင်းရာပြု
ဂုဏ်စုမြဲမသွေ၊ မြဲမသွေ။

* ကလောင်စွမ်းအင်၊ ရေးစပ်ထွင်
ရောင်စဉ်ထွန်းတောက်ရွှေ၊ ထွန်းတောက်ရွှေ
မွှန်းသလော၊ သွန်းခလော၊ ထွန်းပလော။ ။

သူထက်ဆန်း(မန္တလေး)

## သတင်းပဒေသာ

### မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနရှိ မြို့နယ်ဦးစီးမှူးရုံးခန်းတွင် ပြည်နယ်ဦးစီးမှူးရုံးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ရန်ပုံငွေ၊ ငွေလုံးငွေရင်းဖြင့် ထောက်ပံ့ပေးသော စပါးမျိုးစေ့နှင့် သွင်းအားစုမြေသြဇာမျိုးစေ့ချကိရိယာများကို တောင်သူများသို့ ယမန်နေ့ နံနက်ပိုင်းက ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ဆန်ဆိုင်များသတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချမှု ရှိမရှိ စစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဈေးအတွင်းရှိ ဆန်ဆိုင်များနှင့်မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဆန်ဆိုင်များအနေဖြင့် သတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချမှု ရှိမရှိကို ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ခွေးရူးပြန်ရောဂါကာကွယ်နိုင်ရေး အသိပညာပေး

နေပြည်တော်၊ ဇေယျာသီရိမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ခွေးရူးပြန်ရောဂါကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျည်တောင်အုပ်စု သာယာဝှမ်းကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။**မြို့နယ်(ပြန်/ဆက်)**

---

### ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်သာကျေးရွာအုပ်စု၊ လယ်သာကျေးရွာအတွင်းရှိ အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် နေထိုင်သည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအား အထူးအစီအစဉ်ဖြင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို ဇွန် ၂၅ ရက်နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၌ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့က ကျိုင်းတုံမြို့၊ယန်းကျိန်အုပ်စု၊ ယန်းကျိန်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ခွာနာ၊ လျှာနာရောဂါအကြောင်း အသိပညာပေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများအား ခွာနာ၊ လျှာနာရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျည်တောင်ကျေးရွာအုပ်စု၊ သာယာဝှမ်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### အသိပညာပေး ဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်၌ ၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အလက (ပါဆန်း)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သံဃာတော်များအား အရုဏ်ဆွမ်း လောင်းလှူ

**မြင်းခြံ ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့တွင် ခရိုင်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ သံဃာတော်များအား အရုဏ်ဆွမ်း လောင်းလှူခြင်းကို ဇွန် ၂၇ရက် နံနက်၅နာရီက မြင်းခြံပုညသဟာယ နေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်းတွင် လောင်းလှူခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ခရိုင်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ အရုဏ်ဆွမ်းလောင်းလှူရာတွင် မြင်းခြံမြို့အတွင်းရှိ သံဃာတော်၅၃၁ပါးအား ပဲပြုတ်ထမင်းဆီဆမ်း၊ ကြက်သား၊ ငပိကြော်နှင့် ပဲတီချဉ်သုပ်များအား လောင်းလှူခဲ့ကြသည်။ အရုဏ်ဆွမ်းလောင်းလှူရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများမှ လောင်းလှူခဲ့သည်။

မြင်းခြံမြို့ရှိ ခရိုင်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ နှစ်လလျှင်တစ်ကြိမ် အရုဏ်ဆွမ်းလောင်းလှူလျက်ရှိကြောင်း သိရသည်။ **(ကဆ)**



## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့လှူဒါန်း

**မန္တလေး ဇွန် ၃၀**

၂၀၂၄ ခုနှစ်၊ ဇူလိုင် ပထမပတ် စနေနေ့တွင် ကျရောက်မည့် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ သမဝါယမစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ခေါက်ဆွဲခြောက်ထုပ်များကို ဇွန် ၂၇ရက် နံနက်ပိုင်းက သွားရောက် ထောက်ပံ့ လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**

## ချောင်းဆုံကျေးရွာ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းဆတ် ဇွန် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ် ချောင်းဆုံကျေးရွာ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို တာဝန်ရှိသူများက ဇွန် ၂၆တွင် ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ယာပုံ)**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်တို့နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း VDP ဖြင့်ဆောင်ရွက်သည့် မိုင်းဆတ်မြို့နယ် ချောင်းဆုံကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို စစ်ဆေးကြပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ် ချောင်းဆုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေကျပ်သိန်းတစ်ရာဖြင့် ကျေးရွာဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းသည် အလျား ၃၆ပေ၊ အနံပေ၂၀၊ အမြင့်၁၁ပေရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါဘက်စုံသုံး ခန်းမဆောက်လုပ်ပေးနိုင်မှုကြောင့် ကျေးရွာနေပြည်သူများ၏ လူမှုရေးဆိုင်ရာ အခမ်းအနားများကို ဆောင်ရွက်ရာတွင်အဆင်ပြေစွာဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခရိုင်ဦးစီးမှူး ဦးခင်မောင်တိုးက ပြောပြ၍ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

ဝ-ဝ-ဝ-ဝ-ဝ



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး ဇွန် ၃၀**

မန္တလေးတက္ကသိုလ်ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ဌာနအသီးသီးမှ တင်ပြလာသော ကန်တော့ခံ ဆရာ၊ဆရာမကြီးများအား ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ဇွန် ၂၇ရက် နံနက်ပိုင်းက သစ္စာရာဇာဆေးရုံတွင် ကင်ဆာဆေးသွင်းခြင်းကုသမှုခံယူနေသော ရူပဗေဒဌာနဌာနမှူး(ငြိမ်း)ဆရာကြီး ဦးကြီးမြင့်အား ကျန်းမာရေးထောက်ပံ့ငွေကျပ် သုံးသိန်းအား မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယက ဦးတင်မောင် ဒုတိယဥက္ကဋ္ဌဦးပိုမြင့်နှင့်ကော်မတီဝင်များက ပေးအပ်၍ အားပေးစကား ပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှ ဇွန်၂၇ရက်အထိ ဆရာ၊ဆရာမကြီး ၃၀၀ဦးအား ကျန်းမာရေး ထောက်ပံ့ငွေကျပ် ၄၉၃သိန်း ပေးအပ်နိုင်ခဲ့ကြောင်းသိရသည်။

**(အောက်ပုံ)(ကဆ)**



မျက်စိလှူကြ
မျက်ကြည်ရ၊
မြတ်သည့်
လှူဒါန။



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အထက်မြန်မာပြည်ကွပ်ကဲရေးရုံး(မန္တလေး)နှင့် အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း(မန္တလေး)သို့ ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဇွန် ၃၀

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် အထက်မြန်မာပြည် ရေနံရှာဖွေရေး၊ တူးဖော်ရေးလုပ်ငန်းများ ကွပ်ကဲရေးရုံး(မန္တလေး) နှင့် အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း(မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အထက်မြန်မာပြည် ရေနံရှာဖွေရေး၊ တူးဖော်ရေး လုပ်ငန်းများ ကွပ်ကဲရေးရုံး(မန္တလေး)သို့ ရောက်ရှိရာ ကြီးကြပ်ရေးအင်ဂျင်နီယာက အထက်မြန်မာပြည် ရုံးခွဲ၏ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ ဌာန အထွေထွေမန်နေဂျာ CNG က ပလိပ်မော်တော် ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်၏ သဘာဝ ဓာတ်ငွေ့လက်ခံရရှိမှု၊ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ရောင်းချပေးနိုင်မှု၊ မန္တလေးမြို့ရှိ Retest Factory ၏ သဘာဝဓာတ်ငွေ့အိုးများ နှစ်အလိုက် စစ်ဆေးပေးနေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သောရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များကို တိုးမြှင့်ထုတ်လုပ်ရန် အရေးကြီးသကဲ့သို့ မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှရယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းသည်လည်း အဓိက ကျသောကြောင့် အနီးကပ်ကြပ်မတ်ဆောင်ရွက်နိုင်ရန် အထက်မြန်မာပြည် ကွပ်ကဲရေးရုံးသည် အရေးပါသဖြင့် တိုးမြှင့်လာမည့် ရည်မှန်းချက်တာဝန်များကို ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည့် အခြေခံ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့ကို စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် မဒဲကျွန်းရေနံ သိုလှောင်စခန်းတို့မှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပို့လွှတ်ပေးနေမှုကို ထိန်းချုပ်ဖြန့်ဖြူးပေးနေသည့် မန္တလေးမြို့ရှိ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း (မန္တလေး)သို့ရောက်ရှိရာ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက ဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း နှင့် ပိုက်လိုင်းတစ်လျှောက်ရှိ ထိန်းဖြန့်စခန်းများ၏ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ သဘာဝဓာတ်ငွေ့အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေသည့် စက်ရုံများသို့ သဘာဝဓာတ်ငွေ့ များ ပို့လွှတ်နေမှု၊ ပိုက်လိုင်းနှင့်ဝင်ငွေရရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သည် မြန်မာနှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ တည်ဆောက်ထားပြီးဖြစ်သည့် ပိုက်လိုင်းများ၏ စွမ်းရည် ၅၀ ရာခိုင်နှုန်းခန့်သာ အသုံးပြုနေသဖြင့် ပိုမိုတိုးမြှင့်အသုံးပြုနိုင်ရန် ကြိုးစားခြင်းဖြင့် နှစ်နိုင်ငံ လုံးအတွက် အကျိုးရှိမည်ဖြစ်၍ ပိုမို၍နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြော ကြားသည်။

သတင်းစဉ်

## ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ငါးလုံ ကုန်းကျေးရွာတွင် စိုက်ပျိုးထား သော နှမ်းစိုက်ခင်းများ အောင် မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းကာ ရောင်းချရာတွင် နှမ်း တစ်တင်းလျှင် ငွေကျပ်(တစ်)သိန်း ကျော် ရောင်းချရသဖြင့် နှမ်း စိုက်တောင်သူများ အဆင်ပြေ လျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် နှမ်းသီးနှံများကို ဇော်ဂျီဆည်၏ မင်းရဲမြောင်းရေဖြင့် (၁၈၆၆)ဧက၊ သင်းတွဲမြောင်းရေဖြင့် (၂၉၄၆) ဧက၊ ငပြောင်မြောင်းရေဖြင့် (၂၃၃၄)ဧက၊ ဓီးတောမြောင်းရေ ဖြင့် (၄၂၀)ဧက၊ နွားတက် မြောင်းရေဖြင့်(၁၁၂၁၃)ဧက၊ တမုတ်မြောင်းရေဖြင့် (၃၉၄၄) ဧက၊ အထက်လင်းဇင်းမြောင်းရေ ဖြင့် (၆၅၀)ဧက၊ ကင်းတားဆည် ၏ သင်းဒီးမြောင်းရေဖြင့် (၄၅၅၉) ဧက၊ ထုံးကြီးမြောင်းရေဖြင့် (၂၈၀)ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချ မှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရ သည်။

နှမ်းသီးနှံများ စိုက်ပျိုးရာတွင် ပက်ကြဲစနစ်၊ တန်းဆွဲစနစ်၊ ပေါင် စိုက်စနစ်ဟူ၍ အမျိုးမျိုးစိုက်ပျိုး နိုင်ကြောင်းနှင့် သိပ္ပံနည်းကျပေါင် စိုက်စနစ်ဖြင့် စိုက်ပျိုးပါက အပင် သားခွဲရာတွင် လွယ်ကူခြင်း၊ ပေါင်းရှင်းရာတွင် အပင်မနာခြင်း၊ ရေလိုအပ်ပါက ထိန်းညှိသွင်းပေး ခြင်းများ ပြုလုပ်နိုင်သဖြင့် နှမ်းစိုက်ခင်းများ ပိုမိုဖြစ်ထွန်း ကြောင်းနှင့် ကျောက်ဆည် မြို့နယ်တွင် ဆင်းရတနာ(၄) နှမ်းအဖြူမျိုးများ အဓိကထား စိုက်ပျိုးကြပြီး နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး



အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန ဝန်ထမ်းများမှ တောင်သူ များနှင့်ပူးပေါင်းပြီး နည်းပညာများ စနစ်တကျပံ့ပိုးကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၅)

## အချိန်ပိုသွင်းဂိုးဖြင့် ဆလိုဗက်ကီးယားကို အနိုင်ယူကာ အင်္ဂလန်အသင်း ကွာတားတက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က အင်္ဂလန်အသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ဆလိုဗက်ကီးယားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ယခုပွဲစဉ်သည် ကွာတားဖိုင်နယ်တက်ရောက်ရေး ပွဲစဉ်ဖြစ်သောကြောင့် အင်္ဂလန်အသင်းနှင့် ဆလိုဗက်ကီးယားတို့ နှစ်အသင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ကစားလာခဲ့သည်။ ပထမပိုင်းပွဲ စသည်နှင့် ဂိုးရရှိရေးအတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ကြည့်ကောင်းနေခဲ့သည်။ အင်္ဂလန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဆလိုဗက်ကီးယားဘက်ကို ထိုးဖောက်နိုင်ခဲ့သော်လည်း ဂိုးပေါက်ခြိမ်းခြောက်မှုများ ကောင်းမွန်စွာ ပြုလုပ်နိုင်ခြင်းမရှိသောကြောင့် ဂိုးရရှိရန် ခက်ခဲနေခဲ့သည်။ ဆလိုဗက်ကီးယားအသင်းသည် ပွဲချိန် ၂၅မိနစ်တွင် ရရှိလာသော အခွင့်အရေးမှတစ်ဆင့် ရှရန့်ဇ်က အသင်းအတွက် ဦးဆောင်ဂိုးရယူပေးသွားခဲ့ သည်။ နောက်ပိုင်းတွင် အင်္ဂလန်အသင်းတို့ ချေပဂိုးပြန်လည်ရရှိရေး အသည်းအသန်ကြိုးစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ဆလိုဗက်ကီးယားအသင်းက အင်္ဂလန် အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။



ဘယ်လင်ဟာမ်က နောက်ပြန်ကန်ချက်ဖြင့် အင်္ဂလန်အသင်းအတွက် ချေပဂိုးသွင်းယူပေးနေစဉ်။

ဒုတိယပိုင်းတွင် အင်္ဂလန်အသင်းကသာ အသင်းကြီးပီပီ ဆလိုဗက်ကီးယားအသင်းဘက်ကို ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲချိန်မိနစ် ၅၀ တွင် ဖိုဒန်၏ သွင်းဂိုးအား ပယ်ဖျက်ခံရမှုကြောင့် အင်္ဂလန်တို့ ချေပဂိုးရရှိမည့် အခွင့်အရေးဆုံးရှုံးခဲ့ရသည်။ အင်္ဂလန်အသင်းလည်း ချေပဂိုးပြန်လည်ရရှိ ရေးအတွက် အသည်းအသန်ကြိုးပမ်းခဲ့ပြီး ပွဲစဉ်ပြီးဆုံးခါနီး နာကျင်အချိန်ပို(၉၀+၅)မိနစ်တွင် မာ့ခ်ဂူဟီ၏ ခေါင်းတိုက်ချပေးမှုကို ဘယ်လင်ဟာမ်က နောက်ပြန်ကန်ချက်ဖြင့် ဆလိုဗက်ကီးယားအသင်းဂိုးသမား၏ ဘယ်ဘက်ထောင့်ထဲသို့ လှလှပပ သွင်းယူကာ အသင်းအတွက် အဖိုးတန် ချေပဂိုးရယူပေးသွား သည်။ ပွဲစဉ်ပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အင်္ဂလန်အသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ မိနစ် ၉၀ပြီးဆုံးချိန်အထိ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေမှုကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အချိန်ပို စစချင်းမှာ ပင် တိုက်စစ်မှူးဟယ်ရီကိန်းက အင်္ဂလန်အသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ နောက်ပိုင်း တွင် ဆလိုဗက်ကီးယားအသင်းက ချေပဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် အချိန်ပိုပြီးဆုံးချိန် တွင် အင်္ဂလန်အသင်းက ဆလိုက်ဗက်ကီးယားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၆ရက်တွင် ဆွစ်ဇာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **နိုင်ကမ္ဘာ**